၁၉၉၅ ခု အောက်တိုဘာလမှစတင်၍ အပတ်စဉ်ထုတ်ဝေသည်

# Voice of Burma

Published by Voice of Burma Information Group Issue No.821, July 3, 2011

APTO 502, 7-18-1 , Takinogawa , Kita-Ku, Tokyo 114-0023, JAPAN
Tel/Fax: 81 3-3949-3919, E-mail: sayarkway@yahoo.com , koko@gol.com

## ဒေါ်အောင်ဆန်းစုကြည်နှင့် သားငယ်ကိုထိန်လင်းတို့ ပုဂံဘုရားဖူးထွက်မည်

**VOA ၊ ဂျူလိုင် ၁ ။** ။ဒီမိုကရေစီခေါင်းဆောင်ဒေါ်အောင်ဆန်းစုကြည်ဟာ သားငယ်ကိုထိန်လင်းနဲ့အတူ ရှေ့တပတ်ထဲမှာ ပုဂံဘုရားဖူးသွားရောက်မှာဖြစ်ပါတယ်။ ဒါဟာ ဒီပဲယင်း အရေးအခင်းဖြစ်ပြီးတဲ့နောက် နှစ်အတန်ကြာဖမ်းဆီးခံထားရာကနေပြန်လွတ်လာပြီးချိန်မှာ ပထမဆုံးသွားရောက်မယ့်ခရီးစဉ်လည်းဖြစ်ပါတယ်။ဒေါ်အောင်ဆန်းစုကြည်ရဲ့ အခုခရီးစဉ်အပေါ် လုံခြုံရေးနဲ့ပတ်သက်ပြီးတော့လည်း သူ့ကို ထောက်ခံသူတွေအကြား စိုးရိမ်မှုတွေရှိနေကြပါတယ်။ အပြည့်အစုံကို မနန္ဒာချမ်းက တင်ပြပေးထားပါတယ်။

မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်နဲ့ သားငယ်ဖြစ်သူ ကိုထိန်လင်းတို့ဟာ ဇူလိုင်လ ၄ ရက်နေ့ကျရင်လေယာဉ်နဲ့ ၄ ရက်ကြာ ပုဂံကို ဘုရားဖူးသွားရောက်ကြမှာ ဖြစ်ပါတယ်။ ဒါဟာ ပြီးခဲ့တဲ့နှစ် နိုဝင်ဘာလမှာ နေအိမ်အကျယ်ချုပ်ထိန်းသိမ်းခံထားရာကနေ ပြန်လွတ်လာပြီးတဲ့နောက် ပထမဆုံးခရီးစဉ်လည်းဖြစ်ပါတယ်။ ဒီခရီးစဉ်နဲ့ ပတ်သက်ပြီးတော့ NLD ပြောခွင့်ရသူ ဦးဝင်းထိန်က အခုလို ပြောပြပါတယ်။

"နိုင်ငံရေးနဲ့ပတ်သက်လို့ သွားတာမဟုတ်ဘူး။ သူ့သားကို အချိန်ပေးတာပါ။ နှစ်ပေါင်း ၂၂ နှစ်လုံး လျစ်လျူရှုထားတဲ့ သားကို အချိန်ပေးတဲ့အနေနဲ့ ပုဂံကို ဘုရားဖူးသွားမယ်။ ၄ ရက်နေ့သွားမယ်၊ ၈ ရက်နေ့ပြန်လာမယ်။ ကျနော်တို့တော့ မပါဘူး။ ဒါပေမဲ့ သက်ဆိုင်ရာ လုံခြုံရေးကိစ္စတွေ လုပ်တာတော့ ရှိတာပေါ့။"

ဒေါ်အောင်ဆန်းစုကြည်ဟာ ၂၀၀၃ ခုနှစ်က အထက်မြန်မာပြည် စည်းရုံးရေးခရီးသွားရောက်ချိန် မေလ ၃၀ ရက် ဒီပဲယင်းအနီးမှာ အစိုးရလိုလားသူတွေကနေ ဒေါ်အောင်ဆန်းစုကြည်ရဲ့ ယာဉ်တန်းကို အကြမ်းဖက်တိုက်ခိုက်မှု ဖြစ်ပြီးကတည်းက နေအိမ်အကျယ်ချုပ် ဘဝနဲ့ ၈ နှစ်ကျော်ကြာ အထိန်းသိမ်းခံခဲ့ရတာပါ။ ပြီးခဲ့တဲ့ ၂၀၁၀ နိုဝင်ဘာလကမှ ပြန်လွတ်ခဲ့တာဖြစ်ပါတယ်။ ဒါကြောင့် နေအိမ်အကျယ်ချုပ်ကနေ ပြန်လွတ်လာပြီးနောက် အခုလို ပထမဆုံးသွားရောက်မယ့် ခရီး စဉ်နဲ့ပတ်သက်ပြီးဒေါ်အောင်ဆန်းစုကြည်ရဲ့လုံခြုံရေးအတွက်စိုးရိမ်မှုတွေလည်း ရှိနေကြပါတယ်။

ဒါကြောင့် ဒေါ်အောင်ဆန်းစုကြည် သွားရောက်တဲ့ ခရီးစဉ်အတွင်း ပြဿနာတခုခု ဖြစ်လာခဲ့ရင် အစိုးရမှာ တာဝန်အပြည့်ရှိတယ်လို့ ၈၈ မျိုးဆက် ကျောင်းသားတဦးဖြစ်တဲ့ ကိုတိုးကျော်လှိုင်က အခုလို ပြောခဲ့ပါတယ်။

"တကယ်တမ်းကတော့ အန်တီဒေါ်အောင်ဆန်းစုကြည်ရဲ့လုံခြုံရေးအတွက်ကို အစိုးရက အပြည့်အဝတာဝန်ရှိပါတယ်။ အန်တီကိုယ်တိုင်ကလည်းပြောပြီးသားပါ။သူမည်သူတဦးတယောက်ရဲ့လုပ်ဆောင်ချက်ကြောင့်ဖြစ်စေ၊ သူ တခုခုထိခိုက်ဒဏ်ရာ အနာတရ၊ သို့မဟုတ် အသက်ဆုံးရှုံးတဲ့အထိ ဖြစ်ခဲ့တယ်ဆိုရင် သူကတော့ ဒါ အစိုးရမှာပဲ တာဝန်ရှိတယ်ဆိုတာကို အန်တီ ဒေါ်အောင်ဆန်းစုကြည်ကလည်း အတိ အလင်းထုတ်ဖော်ပြောပြီးသားပါ။ ဒါကြောင့် အစိုးရအနေနဲ့ကတော့ အန်တီ့ရဲ့ခရီးစဉ်တွေမှာ ဘာပဲဖြစ်ဖြစ်လုံခြုံရေးကို အစိုးရကနေ ထိထိရောက်ရောက် အာမခံချက်ပေးသင့်ပါတယ်။"

ဒ့ါအပြင် အခုရက်ပိုင်းတွေအတွင်း မြန်မာနိုင်ငံအနှံ့ ဗုံးပေါက်ကွဲမှုတွေနဲ့ ဗုံးလန့်မှု သတင်းတွေဟာ ဆက်တိုက်ဖြစ်ပေါ်နေတဲ့အတွက် ဒါတွေကို ကြည့်ခြင်းအားဖြင့် အစိုးရအနေနဲ့ ဒေါ်အောင်ဆန်းစုကြည်ကို ခရီးသွားလိုစိတ်မရှိတာ ပြသနေတယ်လို့လည်း ၈၈ မျိုးဆက်ကျောင်းသားခေါင်းဆောင် ကိုတိုးကျော်လှိုင်က ပြောဆိုခဲ့ပါတယ်။

| | | | | | |
|---|---|---|---|---|---|
| **ဒေါ်အောင်ဆန်းစုကြည်နှင့် အထက်မြန်မာပြည်အဖွဲ့ ချုပ်လူငယ်အဖွဲ့တွေ ဆုံဆွေးနွေး** | **ပြည်ထဲရေးဝန်ကြီးနဲ့ တွေ့ခွင့် အမျိုးသားဒီမိုကရေစီအဖွဲ့ ချုပ် တောင်းဆို** | **တောင်ငူမြို့တွင် အင်အားပြင်း ဗုံး ပေါက်ကွဲ ထိခိုက်ဒဏ်ရာ မရှိဟုဆို** | **အမျိုးသားဒီမိုကရေစီအဖွဲ့ ချုပ်ကို ဦးသိန်းစိန် အစိုးရ သတိပေး** | **ဘဏ္ဍာရေးဆိုင်ရာ ပိတ်ဆို့ အရေးယူမှု အမည်စာရင်း တိုးဖို့ တောင်းဆို** | **ကချင်ပြည်နယ်အတွင်း တိုက်ပွဲတွေ ဆက်ဖြစ်နေဆဲ စစ်ပြေးဒုက္ခသည်တွေများပြား** |
| **စာမျက်နှာ ၃** | **စာမျက်နှာ ၇** | **စာမျက်နှာ ၁၀** | **စာမျက်နှာ ၁၂** | **စာမျက်နှာ ၁၅** | **စာမျက်နှာ ၁၉** |

# တရားဝင်ပါတီဖြစ်ကြောင်း အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် တုံ့ပြန်

**Mizzima l ၅၂ ၂၉ ll** ll အမျိုးသား ဒီမိုကရေစီ အဖွဲ့ချုပ်သည် တရားဝင်ရပ်တည်နေသော နိုင်ငံရေးပါတီတခုဖြစ်ပြီး လွှတ်တော်အဆင့်ဆင့်နှင့် နိုင်ငံတော်အစိုးရကို ဆန့်ကျင်လိုခြင်းမရှိကြောင်း ပြည်ထဲရေးဝန်ကြီးဌာနက ပါတီလုပ်ငန်းများ လုပ်ဆောင်နေမှုနှင့်ပတ်သက်၍ သတိပေးချက်ကို ဗုဒ္ဓဟူးနေ့တွင် ပြန်လည် တုံ့ပြန် လိုက်သည်။

ပြည်ထဲရေး ဝန်ကြီးဌာန ဒုတိယ ဗိုလ်ချုပ်ကြီးကိုကိုသို့ လိပ်မူ၍ ဒေါ်အောင်ဆန်းစုကြည် လက်မှတ်ရေးထိုးပေးပို့သော စာမိတ္တူကို မဇ္ဈိမက လက်ခံရရှိထားရာ အန်အယ်ဒီသည် ဥပဒေအရ ပျက်ပြယ်ခြင်း မရှိဟု ပြန်လည် ငြင်းချက်ထုတ်မှုပါရှိသည်။

၂၀၁၀ ရွေးကောက်ပွဲ ဝင်ရန် မှတ်ပုံတင်ခြင်း မပြုသည့်အတွက် နိုင်ငံရေးပါတီ အဖြစ်မှ အလိုအလျောက် ပျက်ပြယ်သည်ဆိုသောအစိုးရ၏ စောဒကကို ၂၀၀၈ ခုနှစ် အခြေခံဥပဒေကိုပင် ကိုးကား၍ ပြန်လည် ချေပလိုက်သည်။

"ပြည်ထောင်စုလွှတ်တော်သည် နိုင်ငံရေးပါတီများနှင့် စပ်လျဉ်းသည့် လိုအပ်သော ဥပဒေများကို ပြဋ္ဌာန်းရမည်" ဟု ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ- ၄၀၉ တွင် ပါရှိသောကြောင့် အဖွဲ့ချုပ်သည် ပျက်ပြယ်ခြင်းမရှိပါ " ဟု အန်အယ်ဒီ ထိပ်တန်းခေါင်းဆောင်များ အရေးပေါ် အစည်းအဝေးထိုင်ကာ ပေးပို့သော စာတွင်ပါရှိသည်။

"ဥပဒေတွေက ပြောရရင် အများကြီးဗျ အဲဒီတော့ ချုံပြီးတော့ ပြောရရင် NLD ဟာ ပျက်မသွားဘူးလို့ ကျနော်တို့ ဥပဒေအရ အဲဒီလိုမြင်တယ်။ ဒါကြောင့် ကျနော်တို့ ဆိုင်းဘုတ်တွေချိတ်တာ၊ လှုပ်ရှားမှုတွေကလည်း NLD အနေနဲ့ပဲ လှုပ်ရှားနေတာပါ" ဟု အန်အယ်ဒီ ဗဟိုအလုပ်မှုဆောင်တဦးဖြစ်သော ဦးဉာဏ်ဝင်းက မဇ္ဈိမသို့ ပြောသည်။

ဇူလိုင် ၂၂ ရက်နေ့တွင် ပြုလုပ်မည့် ဒေါ်အောင်ဆန်းစုကြည် နယ်လှည့် ခရီးစဉ်မတိုင်မီ ပြည်ထဲရေးဝန်ကြီးဌာနကနိုင်ငံရေးပါတီအနေဖြင့် လှုပ်ရှားမှုမလုပ်ရန် အစိုးရအာဘော် သတင်းစာများမှတဆင့် သတိပေးချက်ထုတ်ပြန်ခဲ့ပြီးနောက် တုံ့ပြန်လိုက်ခြင်းဖြစ်သည်။

" ဖွဲ့စည်းထားသော လွှတ်တော်အဆင့်ဆင့်နှင့် နိုင်ငံတော်အစိုးရကိုလည်း ဆန့်ကျင်လိုသည့် သဘောထားမဟုတ်ပါ။ တရားဥပဒေစိုးမိုးရေးအတွက် ဥပဒေပါပြဋ္ဌာန်းချက်များကို အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က အလေးထားလိုက်နာခြင်းသာဖြစ်ပါသည်" ဟု အန်အယ်ဒီ၏ပေးစာထဲတွင် ဖော်ပြထားပြီးရွေးကောက်ပွဲကော်မရှင်ကပါတီအဖြစ်မှ ဖျက်သိမ်းခြင်းကို တရားမဝင်ကြောင်း တရားရုံးချုပ် (ရန်ကုန်) သို့ လျှောက်ထားခဲ့မှုကို ရည်ညွှန်းထားသည်။

တရားဥပဒေစိုးမိုးရေး ပိုမိုလုပ်ဆောင်နိုင်ရန် တွေ့ဆုံဆွေးနွေးမှုဖြစ်လာရေး စီစဉ်ပေးရန် ဒုတိယဗိုလ်ချုပ်ကြီးကိုကိုအား မေတ္တာရပ်ခံကြောင်းလည်း ဦးဉာဏ်ဝင်းက မဇ္ဈိမကို ပြောသည်။

"တရားဥပဒေ စိုးမိုးရေးအတွက် သဘောထား ဖလှယ်လိုက်ရင် ဒါတွေက ပြေလည်နိုင်စရာတွေချည်းပဲလို့ ကျနော်တို့မြင်တယ် ဒါ့ကြောင့် ကျနော်တို့စာမှာ တွေ့ဆုံညှိနှိုင်း ဆောင်ရွက်နိုင်ရေးအတွက် တရားဥပဒေ စိုးမိုးရေးကိစ္စဆောင်ရွက်နိုင်ရေးအတွက် တွေ့ဆုံဖို့စီစဉ်ပေးပါလို့ မေတ္တာရပ်ခံတယ်" ဟု ဦးဉာဏ်ဝင်းက ပြောသည်။

---

# သဃ်န်းကပ်လှူနေသည့် ဒေါ်အောင်ဆန်းစုကြည်ဓာတ်ပုံ ပိတ်ပင်ခံရ

**MIZZIMA l ၅၂ ၂၉ ll** ll ရန်ကုန်ထုတ် ဓမ္မရိပ် မဂ္ဂဇင်းတွင် ဒေါ်အောင်ဆန်းစုကြည်က သံဃာတပါးအား သင်္ကန်းကပ်သည့်ပုံ ဖော်ပြသည်ကို စာပေစိစစ်ရေးက ခွင့်မပြုခဲ့ကြောင်း ယင်းမဂ္ဂဇင်း အယ်ဒီတာထံမှသိရသည်။

ဇူလိုင်လအတွက် မဂ္ဂဇင်းအဖုံးတင်ရာ ဒေါ်အောင်ဆန်းစုကြည်က ကိုရင်လေးတပါးအား သင်္ကန်းကပ်နေသည့်ဓာတ်ပုံ ဖြစ်နေသဖြင့် ခွင့်မပြုသောကြောင့် သာမန်ပန်းတပွင့်ပုံနှင့် အစားထိုး ဖော်ပြခဲ့ရခြင်းဖြစ်သည်။

"ကျနော်တို့ ဒေါ်အောင်ဆန်းစုကြည်ပုံလေးနဲ့ တင်လိုက်တာကို Dhama-Yeik-Magazine အဖုံးလဲခိုင်းတာပါပဲ၊ အဲဒါကို ခွင့်မပြုဘူးပေါ့၊ ပိတ်တယ်ပဲ ပြောလို့ရတာပေါ့။ အဲဒါနဲ့ ကျနော်တို့အဖုံး လဲပေးလိုက်ရတယ်။ ရိုးရိုးပန်းပုံလောက်ပဲ ပြောင်းပြီး ထုတ်လိုက်ပါတယ်။ " ဟု ဓမ္မရိပ်မဂ္ဂဇင်းတာဝန်ခံအယ်ဒီတာ ကိုမိုးထွန်း က မဇ္ဈိမကိုပြောသည်။

ဘာသာရေးမဂ္ဂဇင်းများမှာ စာပေစိစစ်ရေးသို့ တင်ပြပြီးမှသာ ထုတ်ဝေခွင့်ရသည့် အမျိုးအစား၌ပါဝင်သည်။ စာပေစိစစ်ရေးအပြင် သာသနာရေးဦးစီးဌာနသို့ပါ တင်ပြရလေ့ရှိသည်။

ဓမ္မရိပ်မဂ္ဂဇင်းမှာ ဘာသာရေးမဂ္ဂဇင်းဖြစ်ပြီး ဘာသာရေး၊ ဗုဒ္ဓဘာသာနှင့်သက်ဆိုင်သည့် နိုင်ငံတကာသတင်း၊ သုတ၊ ရသ၊ ခေတ်ပြိုင်ကဗျာနှင့် ဓမ္မရသဆိုင်ရာ ကာတွန်းကဏ္ဍများ ပါဝင်သည်။

မဂ္ဂဇင်းကို ၂၀၀၆ ခုနှစ်ကတည်းက စတင်ထုတ်ဝေလာခဲ့ပြီး ၂၀၀၇ ခုနှစ်က တကြိမ်နားခဲ့ရသည်။ ထို့နောက် ၂၀၀၉ ခုနှစ်မှစ၍ ပြန်ထုတ်ခဲ့ကာ ယခုထိ ဆက်ထုတ်လာခဲ့သည်။ ယခုကဲ့သို့ မျက်နှာဖုံးခွင့်မပြုခြင်းအပြင် ယခင်ကလည်း စာသားများအပြင် ကဗျာနှင့် ဆောင်းပါးသရုပ်ဖော်ပုံများတွင်လည်း ဆင်ဆာဖြတ်တောက်မှု ကြုံခဲ့ရဖူးသည်။

"ကဗျာသရုပ်ဖော်ဆွဲတဲ့အခါမှာ ညောင်ရွက်ကလေးပေါ်မှာ သွပ်ဆူးကြိုးပေါ့။ ဘဝမှာ အရွယ်တွေ မြင့်လာတာနဲ့အမျှ ကျနော့်ဘဝမှာ ခက်ခဲရင်ဆိုင်ရတာကို သရုပ်ဖော်နဲ့ပြောလိုက်တာ။ အဲဒါ အဲဒီ သွပ်ဆူးကြိုးလေး ဖယ်ခိုင်းတာမျိုးလည်း ကျနော်တို့ကြုံရတာပါပဲ။ ဖြတ်ခိုင်းတာမျိုးပေါ့" ဟု ကိုမိုးထွန်းက ပြောသည်။

ရန်ကုန်ထုတ်ဂျာနယ်တိုက်များအပြောအရဆင်ဆာဘုတ်သည် ဒေါ်အောင်ဆန်းစုကြည်နှင့်ပတ်သက်၍ သတင်းနှင့်ဓာတ်ပုံများ ဖော်ပြခွင့်ပြုထားသော်လည်း မျက်နှာဖုံးတွင်မူ ဖော်ပြခွင့် ကန့်သတ်ထားသည်ဟုဆိုသည်။ အတွင်းတွင်ဖော်ပြလျှင်လည်း ပုံအရွယ်အစားကို ၃ x ၅ လက်မအရွယ်ထက် ပိုမကြီးရန် ကန့်သတ်ထားသည်။

# ဒေါ်အောင်ဆန်းစုကြည်နှင့် အထက်မြန်မာပြည် NLD လူငယ်အဖွဲ့တွေ့ဆုံဆွေးနွေး

**VOA ၊ ဂျွန် ၂၈ ။** ။ ဒီနေ့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ရုံးချုပ်မှာ အထွေထွေအတွင်းရေးမှူး ဒေါ်အောင်ဆန်းစုကြည်နဲ့ အထက်မြန်မာပြည် NLD လူငယ်အဖွဲ့တွေ တွေ့ဆုံခဲ့ပါတယ်။ ဒီတွေ့ဆုံပွဲမှာမြန်မာ့ ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်က မြန်မာနိုင်ငံမှာ အကြမ်းဖက်မှုနဲ့ နိုင်ငံ့အာဏာ လွှဲယူလေ့ရှိတဲ့ နိုင်ငံရေး ယဉ်ကျေးမှုကို ပြောင်းလဲပစ်ဖို့ လူငယ်တွေကို တိုက်တွန်းလိုက်ပါတယ်။ ဒ့ါအပြင်ပြည်ထောင်စုစိတ်ဓာတ် ခိုင်မာလာစေဖို့အတွက် အားကြီးတဲ့၊ အများစုဖြစ်တဲ့ ဗမာလူမျိုးစုတွေက လူနည်းစုတိုင်းရင်းသားတွေအပေါ် မေတ္တာပိုထားပြီး ပိုပြီးတာဝန်ယူဖို့လိုအပ်တယ်လို့ ဒီနေ့ ဇွန်လ ၂၈ ရက်နေ့မှာ ကျင်းပခဲ့တဲ့ အထက်မြန်မာနိုင်ငံကလူငယ်တွေနဲ့တွေ့ဆုံပွဲမှာ ဒေါ်အောင်ဆန်းစုကြည်က ပြောဆိုခဲ့ပါတယ်။ အပြည့်အစုံကို ဒေါ်ခင်မျိုးသက်ကတင်ပြပေးထားပါတယ်။

အသက် ၃၅ နှစ်အောက်ကို လူငယ်လို့ ယေဘုယျ သတ်မှတ်ပြီး လူငယ်တွေနဲ့ တွေ့ဆုံပွဲကျင်းပခဲ့တဲ့ ဒေါ်အောင်ဆန်းစုကြည်ကလူငယ် ၊ လူကြီးလို့ သတ်မှတ်တဲ့အခါ အသက်နဲ့ဆိုင်သလား၊ အတွေးအခေါ်နဲ့ ဆိုင်သလားဆိုတဲ့ အယူအဆတွေအပြင် လူငယ်တွေ နောင်မှာ နိုင်ငံ့အနာဂတ်အတွက် ဘယ်လိုအကောင်းဆုံးပံ့ပိုးနိုင်မယ်ဆိုတာကို ဦးဆောင် ပြီး ဆွေးနွေးခဲ့ပါတယ်။

မြန်မာနိုင်ငံ ဒီမိုကရေစီ ရရှိရေးအတွက် ငြိမ်းချမ်းတဲ့နည်းနဲ့ ကာလကြာရှည်စွာ ကြိုးပမ်းခဲ့တာမို့ စိတ်မရှည်ဘဲ အကြမ်းဖက်တဲ့နည်းကို သုံးချင်စိတ် ပေါက်လာတဲ့ လူငယ်တွေအတွက် အကြမ်းဖက်မှုနဲ့ နိုင်ငံ့အာဏာ လွှဲယူလေ့ရှိတဲ့ မြန်မာနိုင်ငံရဲ့ နိုင်ငံရေး ယဉ်ကျေးမှုကို ပြောင်းလဲပစ်ဖို့အတွက် လိုအပ်နေပြီလို့ ပြောကြားခဲ့ပါတယ်။

"အကြမ်းဖက်မှုကို ကျမ လက်မခံဘူးဆိုတာ နိုင်ငံရေး သဘောတရားအရ လက်မခံတာပါ။ ကျမတို့နိုင်ငံမှာ နိုင်ငံရေး ယဉ်ကျေးမှုပြောင်းဖို့လိုလို့၊ အကြမ်းဖက်တဲ့နည်းနဲ့ အစိုးရ အပြောင်းအလဲလုပ်တာ၊ အကြမ်းဖက်တဲ့နည်းနဲ့ နိုင်ငံရဲ့ အာဏာကို လွှဲယူတာ၊ ဒီဟာတွေက အစဉ်အလာ ဖြစ်နေပြီ၊ ဒီနိုင်ငံမှာ။ ဒီအစဉ်အလာကို ကျမတို့က ပြောင်းလဲရမယ်ဆိုတဲ့ ခံယူချက်နဲ့ ကျမ အကြမ်းမဖက်တဲ့ လမ်းကြောင်း ကို သွားတာပါ။"

အကြမ်းဖက်လာလို့ အမြဲမှားတယ်လို့ ပြောလို့မရပေမဲ့ မှန်တဲ့ဘက်က ရပ်ပြီး ခုခံတိုက်ခိုက်တဲ့ အခါမှာ လက်နက်ကိုင်ပြီး လုပ်ရင်တော့ အကြမ်းဖက်တာမို့ ရေရှည်မှာ အကျိုးရှိမရှိစဉ်းစားသင့်တယ်လို့ ဆိုပါတယ်။ ဒ့ါအပြင် လူငယ်တွေအတွက် လူကြီးတွေက နေရာဖယ်ပေးဖို့ ပြောဆိုမှုတွေအတွက် မြန်မာနိုင်ငံ သမိုင်းမှာ နေရာယူတာနဲ့ ပတ်သက်ပြီး ဒုက္ခရောက်ပေါင်း များပြီမို့ လူကြီးတွေဆီကနေ နေရာကို ယူတာထက် တာဝန်တွေကို လွှဲယူတဲ့ အနေမျိုးနဲ့ စဉ်းစား သင့်ပါတယ်လို့လည်း အကြံပေးခဲ့ပါတယ်။

မြန်မာနိုင်ငံမှာ အရေးကြီးတာက ပြည်ထောင်စုစိတ်ဓာတ်ထွန်းကားစေဖို့ဖြစ်ပြီး အများစုဖြစ်တဲ့ မြန်မာတွေက တခြား လူနည်းစုတိုင်းရင်းသားတွေထက် ပိုပြီး မေတ္တာထားဖို့ လိုသလို ပိုပြီး တာဝန်ရှိတယ်လို့လည်း ဆိုပါတယ်။

"ပိုပြီးတော့ အားရှိတဲ့လူက ပိုပြီးတော့ တာဝန်ရှိတယ်။ ဒီတာဝန်ကို သိရမယ်။ ပိုပြီးတော့ ဆင်ဆင်ခြင်ခြင်နဲ့ ကရုဏာနဲ့ စေတနာနဲ့ မေတ္တာနဲ့ နေနိုင်ရမယ်။ ဒါဟာ အားကြီးတဲ့ လူများရဲ့ ပထမတာဝန်လို့ ကျမ မြင်တယ်။ ကျမတို့နိုင်ငံမှာ ဒီလိုသာ ခေတ်အဆက်ဆက်က လုပ်ခဲ့တယ်ဆိုရင် အခု တိုင်းရင်းသား သွေးစည်းညီညွတ်ရေးဆိုတာ လုပ်နေ ဖို့လိုမှာမဟုတ်ဘူး။ ရှိပြီးသား ဖြစ်နေမှာပဲ။ တိုင်းရင်းသားတွေ အပေါ်မှာ စေတနာနဲ့ နွေးထွေးမှုရှိတယ်ဆိုတာ ကျမသိတယ်။

"ဒီစေတနာနဲ့နွေးထွေးမှုတွေကို ပိုပြီးတော့ကြီးထွားလာအောင် ကျမတို့ဘက်မှာ၊ လူများစုဖြစ်တဲ့ ဗမာတွေဘက်မှာ တာဝန်ရှိတယ်ဆိုတာ အဲဒါတော့ စွဲစွဲမြဲမြဲ အားလုံးစိတ်ထဲမှာ ထားစေချင်တယ်။ ဒါမှ ကျမတို့ ပြည်ထောင်စုစိတ်ဓာတ် ဆိုတာကို ခိုင်မာအောင် လုပ်နိုင်မယ်။ ဒါမှ ကျမတို့ ညီညွတ်တဲ့ ပြည်ထောင်စုကြီးတခုကို ထူထောင်နိုင်မှာ ဖြစ်ပါတယ်။"

ဒေါ်အောင်ဆန်းစုကြည်ဟာ လူငယ်တွေနဲ့ စီးပွားရေး၊ ပညာရေး၊ လူမှုရေးကိစ္စရပ်တွေကို ဆွေးနွေးခဲ့ပြီး ကိုလိုနီခေတ်ဟာ အခုခေတ်ထက် ပညာရေးစနစ် ကောင်းမွန်သလို လွတ်လပ်မှုရှိပြီးပြင်ပဗဟုသုတပိုပြီးရရှိနိုင်ပေမဲ့ အခု မြန်မာနိုင်ငံရဲ့ မျိုးဆက်သစ်လူငယ်တွေအနေနဲ့ ပညာရေး၊ လူမှုရေး၊ စီးပွားရေးကအစ အစစချို့တဲ့နေတာကို ကြုံနေရတာမို့ တနိုင်တပိုင် ကိုယ့်အားကိုယ်ကိုးပြီး မျိုးဆက်သစ်လူငယ်တွေ ဖြစ်လာဖို့ မွေးမြူကြဖို့လည်း အကြံပေးခဲ့ ပါတယ်။ လူငယ်တွေအနေနဲ့ လောကကြီးထဲ ကျင်လည်တဲ့အခါ အနိုင်နဲ့အရှုံးကိုဘယ်လို လက်ခံရမယ် ဆိုတာကို ပြိုင်ပွဲတွေကနေ သင်ပေးတာမို့ ပြိုင်ပွဲတွေကို ဝင်ပြီးနွှဲတဲ့ အလေ့အကျင့်တွေ လုပ်ပေးဖို့ လိုတယ်လို့ဆိုပါ တယ်။

"ပြိုင်ပွဲဝင်တဲ့အခါမှာ အရေးကြီးဆုံး ကိစ္စတခုက နိုင်တတ်ရမယ်၊ ရှုံးတတ်ရမယ်။ နိုင်တတ်တယ်ဆိုတာ ကိုယ်နိုင်တဲ့အခါကျရင် ကိုယ်က စိတ်ဓာတ်နိမ့်ချပြီးတော့ ယဉ်ယဉ်ကျေးကျေးနဲ့ အနိုင်ယူတတ်ရမယ်။ ရှုံးတဲ့အခါကျရင် ကိုယ်ကနေ သဘောထားကြီးကြီးနဲ့ အိန္ဒြေရှိရှိနဲ့ ကိုယ်ရှုံးတာကို လက်ခံနိုင်ရမယ်။ အရှုံးအနိုင်ကို မှန်မှန်ကန်ကန်လက်မခံနိုင်လို့ရှိရင် ဒီမိုကရေစီ ဘယ်တော့မှ မရနိုင်ဘူး။ ကျမတို့ ၁၉၉၀ ခုနှစ်တုန်းက အရှုံးကို မှန်မှန်ကန်ကန် လက်မခံနိုင်လို့ ကျမတို့ ဒီအခြေရောက်နေတာပဲ။"

အကြောက်တရားကို အရှုံးမပေးကြဖို့လည်း လူငယ်တွေကို ဒေါ်အောင်ဆန်းစုကြည်က မှာကြားခဲ့ပါတယ်။

"ကြောက်တယ်ဆိုရင်လည်း ဒါရှက်စရာမဟုတ်ပါဘူး။ ဒီအကြောက်တရားကို အရှုံးပေးရင်တော့ ရှက်စရာ ဖြစ်လာတယ်။ အကြောက်တရားကိုတော့ အရှုံးမပေးပါနဲ့။ နောက်ပြီးတော့ အရှုံးပေးမိရင်လည်း စိတ်ဓာတ်မကျပါနဲ့။ ထပ်ပြီးတော့ ကြိုးစားပါ။ တခါအရှုံးပေးမိလို့လည်း ပြီးသွားတာ မဟုတ်ဘူး၊ နှစ်ခါ အရှုံးပေးမိလို့လည်းပြီးသွားတာ မဟုတ်ဘူး။

"ထပ်တလဲလဲ ထပ်တလဲလဲ၊ ဝီရိယဆိုတာ ထပ်တလဲလဲ ထပ်တလဲလဲ၊ ကျမလည်း ခဏခဏပြောဖူးပါတယ်၊ အဆင့်အမြင့်ဆုံးဝီရိယဆိုတာ ရှုံးနိမ့်တဲ့ အခါမှာတောင်မှ လက်မလျှော့ဘဲနဲ့ ပြန်စပြီးတော့ ကြိုးစားတာ။ အဲဒီတော့ ကိုယ့်ကိုယ်ကို၊ ကိုယ့်အတွင်းစိတ်နဲ့ ကိုယ်

စာမျက်နှာ ၇ သို့

# ဗမာပြည်မှပေးစာ

တိရစ္ဆာန်တို့အကြောင်း စကားလက်ဆုံ - ၂ -

(၂၀၁၁၊ ဇွန်လ ၂၅ ရက်ထုတ် ဂျပန်နိုင်ငံ မိုင်အိနိချိသတင်းစာပါ ဒေါ်အောင်ဆန်းစုကြည်ရဲ့ Animal talk (2) ကို မောင်မောင်လှကြိုင် ဘာသာပြန်ပါသည်။) "မြန်မာပြည်မှစာ"ကဏ္ဍ၏ ဆဋ္ဌမ မြောက်ဆောင်းပါးဖြစ်ပါသည်၊

၆၆ နှစ်တာကာလ ပရစ်ဇင်မ်ကို ထိုးဖောက်ကြည့်ရခြင်းဟာ လွန်ခဲ့တဲ့အနှစ် ၆၀ သို့မဟုတ် လွန်ခဲ့တဲ့ ၆ နှစ်ကိုတောင် ကြည့်မြင်ခဲ့ရခြင်းနဲ့ ကွာခြားနေပါတယ်။ ဘာကြောင့်လဲဆိုရင် ဒီယှက်နွယ်နေတဲ့ကာလ အတွင်းမှာ ကမ္ဘာကြီးနဲ့ကျွန်မဟာ ပြောင်းလဲလာခဲ့လို့ပါ။ လွန်ခဲ့တဲ့ အနှစ် ၆၀ က တိရစ္ဆာန်များနဲ့ ကျွန်မရဲ့ ဆက်နွယ်မှု(ဒီလိုပဲပြောနိုင်ခဲ့မယ်ဆိုရင်)ဟာ ကွာလှမ်းပါတယ်။ ကျွန်မရဲ့ ကလေးဘဝရဲ့မြင်ကွင်း တစိတ်တပိုင်းဖြစ်တဲ့ စိတ်ဝင်စားစရာမကောင်းတဲ့ ခွေးဗန္ဒတ်များနဲ့ သနားစရာမြင်တွေ့ရတဲ့ လှည်းဆွဲမြင်းများအကြောင်းကို ကျွန်မရေးခဲ့ပါတယ်။ ကျွန်မငယ်ရွယ်စဉ်က ရင်းနှီးကျွမ်းဝင်ခဲ့ရတဲ့ တိရစ္ဆာန်လောကရဲ့ အခြားသတ္တဝါတွေကတော့ ငှက်များဖြစ်ကြပါတယ်။

အဲဒီအချိန်တုန်းကရန်ကုန်ဟာမဖွံ့ဖြိုးသေးပါဘူး။ကျွန်မတို့ဟာ မြေနီနဲ့ ကျောက်ခဲကျိုးများ ခင်းထားတဲ့လမ်းမှာနေခဲ့ကြပါတယ်။ ရှည်တဲ့ဝါးရုံများ၊ ကျွန်မတို့နွားများရဲ့စားကျက်ဖြစ်ခဲ့တဲ့ ရှည်မျောမျော လွင်တီးခေါင် ချိုင့်ကွင်းပြင်များ၊ ရေမှော်ရေညှိများရှိနေတဲ့ ရေကန်နဲ့ ပြိုမယောင်အုဋ္ဌခဲနံရံများဖြင့် အနားသတ်ထားပါတယ်။

ကျွန်မတို့အိမ်ရဲ့ မျက်နှာချင်းဆိုင်မှာတော့ ဘုန်းတော်ကြီးကျောင်းရှိခဲ့ပါတယ်။ ရိုးရာပုံစံရှိနေတဲ့ သစ်သားအဆောက်အဦးများ၊ ပစ္စလက္ခဖြစ်နေတဲ့မြေကြီးများ၊ ရေးဟောင်းဗိမာန်များနဲ့ရုပ်ပွားတော်များနဲ့ နက်ရှိုင်းတဲ့တည်ငြိမ်အေးဆေးမှုဟာ လူသာမန်များရဲ့ ပျားပန်းခတ်အလုပ်ရှုပ်နေတဲ့ကမ္ဘာနဲ့ ခြားနားထားကြောင်းကိုအလေးအနက်ဖော်ပြနေပါတယ်။ ဘုန်းကြီးကျောင်းနဲ့ကျွန်မတို့အိမ် နှစ်ခုစလုံးဟာ တောင်ငယ်လေးများလို့ခေါ်ဆိုလောက်တဲ့ ကုန်းမြင့်တွေပေါ်မှာတည်ရှိနေကြတာကြောင့် ကြားထဲကလမ်းလေးဟာ ကျဉ်းမြောင်းတဲ့တောင်ကြားချိုင့်ဝှမ်းနဲ့တူနေပါတယ်။

ကျွန်မတို့ပန်းခြံဟာကွဲပြားတဲ့အမြင့်၃မျိုးပေါ်မှာဖြန့်ကျက်တည်နေပြီး၊ သစ်ပင်များစွာဟာ ငှက်ပေါင်းစုံရဲ့ စိတ်ဝင်တစားဆွဲဆောင်စရာဘုံအဖြစ် ဖန်တီးပေးထားပါတယ်။ အတွေ့များရ တဲ့ငှက်တွေ ကတော့ ကျီးကန်းများ၊ သာလိကာများ၊ ချိုးများ၊ ခိုများ နဲ့ စာကလေးများဖြစ်ကြပါတယ်။

အရေအတွက်များလွန်းလို့ ငှက်အားလုံးကို သတိမထားနိုင်ခဲ့ပါ။ ဒါပေမယ့် ညနေပိုင်း ကျီးကန်းများ အိပ်တန်းတက်ဘို့ ပျံသန်းနေတာကိုစောင့်ကြည့်ရခြင်းကို ကျွန်မ နှစ်သက်ခဲ့ပါတယ်။ သူတို့အပြန်လမ်းကောင်းကင်ပြင်မှာ ကြီးမားတဲ့အနက်ရောင် တောင်ပံဖြန့်ကျက် ခြယ်မှုန်းလျက် ကျီးအာသံများ ပြည့်နှက်နေပါတယ်။

ခိုငှက်ကလေးရဲ့ ဆွဲဆွဲငင်ငင်အော်မြည်သံဟာ နွေဦးရဲ့ဂီတသံတစိတ်တပိုင်း ဖြစ်နေခဲ့ပါတယ်။ ကျွန်မကတော့ ငှက်ကလေးကို ဖြတ်ခနဲတောင် သတိမထားခဲ့ပါဘူး။ ကျွန်မ အထူးတလည် စူးစူးစမ်း စမ်းမရှိခဲ့တာကို အခုအချိန်မှာ ကျွန်မအံ့ဩမိပါတယ်။

သစ်ပင်ပေါ်မှာခိုနားနေတဲ့ ကျွန်မတို့ကို ဂုဏ်ထယ်စွာ မဟာဆန်ဆန်ကြည့်နေတဲ့ ကြက်တူရွေးကလေးကို စိတ်ဝင်စားမိတာ ကျွန်မ အမှတ်ရမိပါတယ်။ ဒါဟာ သူ့ရဲ့တဒင်္ဂတည်ရှိမှုပါပဲ။

တနေ့မှာ နေ့ခင်းကြောင်တောင်ကြီး ဇီးကွက်တကောင် သစ်ပင်ကပြုတ်ကျခဲ့ပါတယ်။ ဥယျာဉ်မှူးက ကျွန်မတို့ကြည့်ဘို့ကောက်ပြခဲ့ပါတယ်။ အံ့ဩထိတ်လန့်နေတဲ့ကျွန်မမျက်နှာကို ဇီးကွက်ကလေးက အိပ်ချင်မူးတူးမျက်စိနဲ့ ပေကလပ်ပေကလပ် ကြည့်နေခဲ့ပါတယ်။

ကျွန်မတို့လမ်းထိပ်မှာ ၁၉ ရာစု အိန္ဒိယပုံစံ အိမ်အိုတဆောင်ရှိခဲ့ပါတယ်။ မေးမှိန်အားပျော့လာတဲ့ ဒီအိမ်ရဲ့ ခန့်ညားထယ်ဝါမှုနဲ့ဖြစ်သလိုပြန့်ကျဲနေတဲ့စွန့်ပစ်ခံခြံတို့ရဲ့ လွမ်းဆွတ်မှုကို မရေရာတဲ့ ပိုင်ရှင်မဲ့မှုက ပိုမိုစေခဲ့ပါတယ်။ ပိုင်ရှင်တွေဟာ အိန္ဒိယနွယ်လူချမ်းသာ များဖြစ်ကြောင်း၊ ဒုတိယကမ္ဘာစစ်မြန်မာပြည်ကို ရောက်လာလို့ ထွက်ပြေးသွားကြောင်း ကျွန်မတို့သိထားခဲ့ပါ တယ်။

အိမ်စောင့်များလက်ထဲကို ပိုင်ရှင်တွေက တနည်းနည်းနဲ့စီစဉ်အပ်နှံခဲ့ပါတယ်။ စစ်ကာလအတွင်း အိမ်စောင့်များက တလျှောက်လုံးကြည့်ရှုစောင့်ရှောက်ပေးလျက်၊ သူတို့ရဲ့အလုပ်ရှင်များဘယ်တော့မှ ပြန်မလာလဲ သစ္စာရှိရှိနဲ့သူတို့အလုပ်မှာ ဆက်လက်ထမ်းဆောင်နေကြပါတယ်။

ကျွန်မမှတ်မိတဲ့ ဒီအိမ်စောင့်များဖြစ်ကြတဲ့ ဒိုတီဝတ်အရပ်ရှည်ရှည် အိန္ဒိယနွယ်ဘွားများကတော့ ကျွန်မတို့ကို သူတို့ရဲ့ပန်းခြံထဲ ရှားရှားပါးပါလည်းခွင့်ပြုခဲ့ဘူးပါတယ်။ အစောင့်အရှောက် ခံမဲ့သစ်ရွက်အရှုပ်အထွေးတွေကြားမှာ ရေပန်းနှစ်ခုနဲ့ကြီးမားတဲ့ အညိုရောင် ကျောက်ရေကန်ကြီးများရှိခဲ့ပါတယ်။ နှစ်ခုစလုံးဟာ လုံးလုံးခြောက်သွေ့နေလင့်ကစား သူတို့ရဲ့ခန့်ညားထယ် ဝါမှုဟာ ကျွန်မကို အံ့ဩစေခဲ့ပါတယ်။

လျှို့ဝှက်ဆန်းကြယ်တဲ့ဒီဗိမာန်ရဲ့ ကျက်သရေကိုဆောင်နေတာကတော့ သူတို့အိပ်တန်းမှာ နားနေတဲ့ ကြီးမားတဲ့ကတ္တဝါကြီးနှစ်ကောင်ဖြစ်ကြပါတယ်။ သူတို့ရဲ့ပြိုးပြိုးပြက်ပြက်လွင်နေတဲ့ အရောင်များဖြင့် အထီးကျန်ပန်းခြံကို တောက်ပနေစေခဲ့ပါတယ်။ သူတို့ဟာ ရန်ကုန် တိရစ္ဆာန်ရုံပြင်ပမှာတွေ့ရတဲ့ အရောင်အသွေးအစုံစုံနဲ့စွဲမက်နှစ်သက်ဘွယ် တိုင်းတပါးမှလာတဲ့ သတ္တဝါများဖြစ်ကြပါတယ်။

အဲဒီအချိန်တွေတုန်းက တိရစ္ဆာန်ရုံကိုစိတ်အပန်းဖြေအလည်အပတ်သွားရတာက အလွန်ထူးတဲ့ ပြုမူချက်ပါ။ တိရစ္ဆာန်ရုံဟာ ကျွန်မတို့အိမ်နဲ့ မဝေးလှပါ။ ခြင်္သေ့များရဲ့ဟိန်းဟောက်သံတွေကို ဆည်းဆာချိန်ရဲ့တိတ်ဆိတ်မှုကိုကျော်လွန်ပြီး ကြားနိုင်ခဲ့ရပါတယ်။ ညနေတိုင်းမှာ ဘာကြောင့် ခြင်္သေ့တွေဟိန်းကြရတာလဲလို့ လူကြီးများကိုကျွန်မ

**စာမျက်နှာ ၅ သို့**

စာမျက်နှာ ၄ မှ

မေးခဲ့ပါတယ်။ အစာကျွေးချိန်ကို သတိပေးတာလို့ တချို့ကဖြေကြပါတယ်။ တောထဲက သူတို့ဌာနေကိုလွမ်းကြလို့ သတ္တဝါကြီးများက ငိုတာပါလို့ တချို့ကတော့ ဖြေခဲ့ကြပါတယ်။ တိရစ္ဆာန်ရုံထဲကလှောင်အိမ် တွေထဲမှာဒီတိရစ္ဆာန်များကို ကျွန်မမြင်ရတဲ့အခါ သူတို့ရဲ့အငြိမ်မနေ လှုပ်ရှားမှုများကို သဘောပေါက်သွားခဲ့ပါတယ်။ သူတို့ရဲ့ပင်ပန်းနွမ်းနယ်နေတဲ့ခြေလှမ်းများဟာဝေးကွာနေတဲ့သူိတို့ရဲ့ဌာနေများကိုလွမ်းမောတမ်း တခြင်းနဲ့ဆက်နွယ်နေမှာပါလားလို့လဲတွေးထင်မိခဲ့ပါတယ်။

မြန်မာ့ဝေဒအယူအရ အင်္ဂါဖွား ကျွန်မဟာ ခြင်္သေ့ဖြစ်တဲ့အတွက် ခြင်္သေ့ကြီးများကိုအထူး မျှဝေစာနာခဲ့တာပါ။

မျောက်များဟာလဲ အလားတူ အခြားကြောင်းအရာတခုပါ။ လာလည်ပတ်သူများအကြား ထင်ရှားတဲ့ "မျောက်ရှာ"ဟာ ကျွန်မစိတ်ကို မချမ်းမြေ့စေခဲ့ပါ။ ကျွန်မရဲ့မျက်စိထဲမတော့ မျောက်များဟာ မဖော်ရွေသလို မပျော်ရွှင်နေသလို ဖြစ်နေတာမြင်တွေ့နေခဲ့ရပါတယ်။ သူတို့မျက်စိများဟာ ယုတ်မာမှုများနဲ့တောက်ပနေတယ်လို့ထင်ခဲ့ရပါတယ်။ သူတို့ရဲ့ ဟာသလုပ်ရပ်တွေအပေါ် ရယ်မောနေကြတဲ့သူများကို သူတို့ရဲ့ပါးစပ်များက လှောင်ပြောင်နေကြပါတယ်။ သူတို့ကိုပစ်ပေးတဲ့မြေပဲနဲ့ အစားအစာများကို ရှုံ့မဲ့တဲ့မျက်နှာများဖြင့် ကျွမ်းကျင်စွာ ဖမ်းယူခဲ့ကြပါတယ်။

ဒါဟာ ဆင်များနဲ့လုံးဝမတူတာပါပဲ။ ပေးကမ်းလာတဲ့ငှက်ပျောသီးများနဲ့ ဘန်းပေါင်မုန့်များကို ကျေနပ်နှစ်သက်တဲ့မျက်နှာ ကြီးများနဲ့ နာမောင်းရဲ့ ညှိုးလျှလျှလှုပ်ရှားမှုများဖြင့် ဆင်များက လက်ခံယူကြပါတယ်။ ဒါကို ကျေးဇူးတင်ကြောင်းကို ကျက်သရေရှိစွာ အလေးပြုခြင်းလို့ ကျွန်မက အဓိပ္ပါယ်ဖွင့်ဆိုခဲ့ပါတယ်။ ကျွန်မ ကြီးကောင်ဝင်လာပြီးနောက် တိရစ္ဆာန်ရုံကို နှစ်ခေါက်သာအလည်အပတ် သွားခဲ့ပါတယ်။ တကြိမ်ကတော့ နိပေါမှာနဲ့ နောက်တခါကတော့လန်ဒန်မှာပါ။ နေ့လည်ပိုင်းမှာအားလပ်နေလို့၊ အရောက်အပေါက်ခက်ခဲလွန်းတဲ့ ဟိမဝန္တာမှာရှိတဲ့ တိရစ္ဆာန်ရုံဖြစ်နေလို့ မိုက်ကယ်နဲ့ကျွန်မတို့ ခတ်မန္ဒူ အိမ်မွေးတိရစ္ဆာန်ရုံကိုသွားရောက်ခဲ့ပါတယ်။ ဒီနေရာဟာ စိတ်မကောင်းဘွယ်၊ စိတ်အားငယ်စရာအသွင်ဆောင်နေကြတဲ့တိရစ္ဆာန်များရှိနေတဲ့ ဖုံထူတဲ့နေရာဖြစ်နေပါတယ်။ ခြင်္သေ့များဟာ များသောအားဖြင့် ခွေးသားကိုစားနေကြရတာဖြစ်လို့ သက်ရှိခွေးရဲ့အနံ့ကိုရသွားရင် သူတို့အဘို့စိတ်ကြွစရာဖြစ်စေနိုင်လို့ ကျွန်မတို့ရဲ့ဘူတန်တယ်ရီယာခွေးလေးကို ဝင်ပေါက်အပြင်မှာထားရစ်ခဲ့ရန် အကြံပေးခံခဲ့ရပါတယ်။ ဒါဟာ နောက်ထပ်ပြန်မဖြစ်ပေါ်ရဘို့ ဘိတ်ခေါ်တဲ့ အတွေ့အကြုံတခုဖြစ်ပါတယ်။

နောက်တခါနဲ့နောက်ဆုံးအကြိမ် တိရစ္ဆာန်ရုံသွားလည်ခဲ့တာကတော့ နောက်နှစ်အနည်းငယ် အကြာမှာ ကျွန်မသား အလက်ဇန္ဒရားကို "ဝစ်ပ်စနိတ်"တိရစ္ဆာန်ရုံကို ခေါ်သွားခဲ့တဲ့အချိန်ဖြစ်ပါတယ်။ ခတ်မန္ဒူတိရစ္ဆာန်ရုံထက်စာရင်တော့ လှလှပပရှိပါတယ်။ ဒါပေမင့် လှောင်ထားခံနေ ရတဲ့တိရစ္ဆာန်များကို မြင်တွေ့ရတဲ့ ခံစားမှုရသက ကျွန်မမှာ ပျောက်ဆုံးနေတာကို ကျွန်မတွေ့ရပါတယ်။ တိရစ္ဆာန်များကမပြောင်းလဲခဲ့ပါဘူး။ ဖမ်းချုပ်လှောင်အိမ်သွင်းခြင်းနဲ့ လူသား ကြီးစိုးလွှမ်းမိုးမှုအပေါ်ထားရှိတဲ့ ကျွန်မရဲ့သဘောထားကသာ ပြောင်းလဲခဲ့တာပါ။

တိရစ္ဆာန်များနဲ့လူသားတို့ဆက်ဆံရေးအပေါ် ထားရှိခဲ့တဲ့ကျွန်မရဲ့သဘောထားအမြင်ဟာ ပြောင်းလဲသွားလိမ့်မယ်လို့ အဲဒီ အချိန်က ကျွန်မနားမလည်ခဲ့ပါ။ ကျွန်မ မျှော်လင့်မထားခဲ့တဲ့ ပုံစံတွေနဲ့ ကျွန်မရဲ့ ပတ်ဝန်းကျင်ကမ္ဘာဟာလဲ ပြောင်းလဲသွားခဲ့မယ်ဆိုတာကို ပိုလို့တောင် နားမလည်ခဲ့ပါ။

---

# ဒေါ်အောင်ဆန်းစုကြည်ကို နိုင်ငံရေးလုပ်ခွင့်ပေးရန် အမေရိကန်တောင်းဆို

**VOA ၊ ဂျွန် ၂၉ ။** ။ မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်ကို နိုင်ငံရေးလှုပ်ရှားမှုတွေ လွတ်လပ်စွာ လုပ်ဆောင်ခွင့်ပေးဖို့ အမေရိကန်ပြည်ထောင်စုက မြန်မာအာဏာပိုင်တွေကို တောင်းဆိုလိုက်ပါတယ်။

ဒေါ်အောင်ဆန်းစုကြည်နဲ့ သူဦးဆောင်တဲ့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် NLD ပါတီရဲ့ နိုင်ငံရေးလှုပ်ရှားမှုတွေကို ရပ်တန့်ဖို့ မြန်မာအစိုးရရဲ့သတိပေးချက် ထွက်ပေါ်လာတဲ့နောက် အမေရိကန် နိုင်ငံခြားရေးဌာနပြောခွင့်ရသူ Mark Toner က ဗုဒ္ဓဟူးနေ့ သတင်းစာရှင်းလင်းပွဲအတွင်း ပြောဆိုလိုက်တာပါ။

ဒေါ်အောင်ဆန်းစုကြည်အနေနဲ့ လွတ်လွတ်လပ်လပ် ခရီးသွားလာခွင့်၊ လွတ်လပ်စွာဖော်ထုတ်ခွင့်၊ နိုင်ငံရေး လုပ်ငန်းတွေမှာအပြည့်အဝပါဝင်ခွင့်တွေ သေချာပေါက်ရရှိစေရေး ခွင့်ပြုပေးဖို့တောင်းဆိုလိုက်တာဖြစ်ပါတယ်။ဒေါ်အောင်ဆန်းစုကြည်ရဲ့ လုံခြုံရေးနဲ့ဘေးအန္တရာယ်ကင်းရှင်းရေးအပေါ် အမေရိကန်ပြည်ထောင်စုအနေနဲ့ စိုးရိမ်မကင်းရှိနေဆဲဖြစ်သလို သူနဲ့မြန်မာလူထု လုံခြုံရေးအတွက် မြန်မာအာဏာပိုင်တွေမှာသာ တာဝန်ရှိတဲ့ အကြောင်းလည်း သတိပေးလိုက်တာပါ။

ပြီးခဲ့တဲ့နှစ်ထဲမှာကျင်းပခဲ့တဲ့ရွေးကောက်ပွဲကိုမဝင်ဖို့ဆုံးဖြတ်ပြီး မှတ်ပုံမတင်ဘဲ နေခဲ့တဲ့ NLD ပါတီအနေနဲ့ နိုင်ငံရေး လုပ်ငန်းတွေ ဆက်လက်လုပ်ဆောင်နေပြီး ဥပဒေကို ချိုးဖောက်နေတယ်လို့ မြန်မာအစိုးရပြည်ထဲရေးဝန်ကြီးဌာနက သတိပေးစာတစောင် ပေးပို့ခဲ့တဲ့နောက် အမေရိကန်ရဲ့ တုံ့ပြန်မှု ထွက်ပေါ်လာတာလည်း ဖြစ်ပါတယ်။

NLD ပါတီကတော့ ဒီကိစ္စနဲ့ ပတ်သက်လို့ ပြည်ထဲရေးဝန်ကြီးနဲ့ ဆွေးနွေးလိုကြောင်း အကြောင်းပြန်ထားတာပါ။ အစိုးရပိုင်သတင်းစာတွေမှာလည်း နိုင်ငံရေးစည်းရုံး လှုပ်ရှားမှုတွေအတွက် ဒေါ်အောင်ဆန်းစုကြည် ရန်ကုန်မြို့ပြင်ပကို ခရီးထွက်မယ့် အစီအစဉ်ဟာ အဓိကရုဏ်းတွေ၊ မတည်ငြိမ်မှုတွေဖြစ်စေမယ်ဆိုပြီး သတိပေးတဲ့ဆောင်းပါးကိုလည်း ဖော်ပြခဲ့တာဖြစ်ပါတယ်။

ပြီးခဲ့တဲ့လအတွင်း မြန်မာနိုင်ငံကို အလည်အပတ်သွားရောက်ပြီး ဒေါ်အောင်ဆန်းစုကြည်နဲ့ပါ တွေ့ဆုံခဲ့တဲ့ အမေရိကန်အထက်လွှတ်တော်အမတ် John McCain ကတော့ အစိုးရရဲ့ သတိပေးချက်ဟာ နိုင်ငံရေးတိုးတက်မှုအတွက် နောက်ပြန်ဆွဲနေတဲ့ ခြေလှမ်းတရပ်အဖြစ်နဲ့ပြောဆိုလိုက်ပါတယ်။

# ပြည်တွင်းစစ် သံသရာ

**ရဲဘော် ဖိုးသံချောင်း**

**မဇ္ဈိမ အင်တာနက်စာမျက်နှာမှ ကူးယူဖော်ပြပါသည်**

ဗမာနိုင်ငံ နေရာအနှံ့အပြားမှာ စစ်ရိပ်စစ်ငွေ့တွေကို စိတ်မချမ်းမြေ့ဖွယ်ရာ တွေ့နေရပြန်ပါပြီ။ ကမ္ဘာပေါ်မှာပြည်တွင်းစစ်ဒဏ်ကိုအရှည်ကြာဆုံးခံရဖူးတဲ့ နိုင်ငံတခုနဲ့ ပြည်သူတရပ်အဖို့ဒီအခြေအနေထက် ဆိုးတာမရှိတော့ဘူးလို့တောင် ဆိုနိုင်ပါတယ်။ ဒီအခါမှာ ဘာကြောင့် သေနတ်သံတွေ ပြန်ကြားရတာလဲလို့ မေးသံတွေကို ပြည်တွင်းပြည်ပနေ ရာတကာက ကြားလာနေရပါတယ်။ အားလုံးက စိတ်မကောင်းစွာ၊ စိုးရိမ်ပူပန်ကြီးစွာနဲ့မေးကြတာပါ။

တကယ်က ပြည်တွင်းစစ်ဟာ ဘယ်တုန်းက ပြီးဆုံးသွားလို့လဲ လို့မေးစရာရှိနေပါတယ်။ အပစ်အခတ်ရပ်စဲကြောင်း၊ ထာဝရရပ်စဲကြောင်း ရေးထားတာ၊ လက်မှတ်ရေးထိုးထားတာ ဘယ်မှာများရှိလို့လဲ။ တိုင်းပြည်တပြည်ထဲမှာ ဘာသဘောတူညီချက်မှ တိတိကျကျ၊ ရေရေရာရာမရှိပဲ လက်နက်ကြီး ငယ်ကိုင်ထားတဲ့ အုပ်စုတွေ အများကြီးတည်ရှိနေတာဟာ ငြိမ်းချမ်းရေးလား။

ဗမာပြည်လို ဆယ်စုနှစ်ပေါင်း တိုက်လာကြတာ မပြောနဲ့ သာမန်ရန်ပွဲလေးတခုတောင်မှ သွေးထွက်ဖူးတယ်၊ အသက်ထွက်ဖူးတယ်ဆိုရင် ရန်စက ပြေခဲလှပါတယ်။ အာဖရိကနိုင်ငံတွေက ပြည်တွင်းစစ်တွေ၊ ပါလက်စတိုင်းနဲ့ အစ္စရေးတို့ရဲ့ စစ်ပွဲ၊ ကျေအေးကြောင်း အကြိမ်ကြိမ်ပြောခဲ့ကြပေမယ့် ပြန်တိုက်နေကြတာပဲ မဟုတ်လား။

စစ်ပွဲတရပ်ကို ဖြေရှင်းမယ်ဆိုရင် စစ်ဖြစ်တဲ့ အကြောင်းရင်းကို ဖြေရှင်းမှ တကယ်တမ်းပြေလည်ပါတယ်။ တခါတလေ တဘက်က အပြတ်နိုင်၊ တဘက်က အပြတ်ရှုံးသွားရင်လည်း ပြတ်တတ်ပါတယ်။ ဗမာပြည် ပြည်တွင်းစစ်က အဲဒီအခြေအနေမဟုတ်ပါဘူး။ နိုင်ငံရေးပြဿနာကို မဖြေရှင်းပဲ ငြိမ်းချမ်းရေးမရနိုင်ပါဘူး။ စစ်အစိုးရအဆက်ဆက်သမိုင်းအတွင်းမှာ သူတို့နဲ့ ပြေလည်သွားတဲ့ လက်နက်ကိုင်အင်အားစုတွေရှိဖူးပါတယ်။ ဥပမာ မူဆိုးကော့က ဆာဟံတာသာမွှေး တို့တတွေ။ ဒါပေမဲ့ အဲဒါတွေက နိုင်ငံရေးအရ ဖြေရှင်းခဲ့တာ မဟုတ်ပါဘူး။ ဒါကြောင့် အဲဒီအင်အားစုတွေ လှုပ်ရှားခဲ့တဲ့နေရာတွေမှာ အဲဒီလူတွေ မရှိတော့ပေမယ့် လက်နက်ကိုင်တိုက်ပွဲတွေ ဆက်ရှိနေတာ ဖြစ်ပါတယ်။

ဒီနေ့ ဗမာပြည်မှာ တွေ့မြင်နေရတဲ့ လက်နက်ကိုင် အင်အားစုတွေနဲ့ စစ်အစိုးရအကြားက "အပစ်အခတ်ရပ်စဲရေး" ဆိုတာကိုပြန်စဉ်းစားကြည့်ပါ။ စပေါ်လာကတည်းက နိုင်ငံရေး ပြဿနာဖြေ ရှင်းပြီးပေါ်ပေါက်လာတာ မဟုတ်ပါဘူး။ ပထမဆုံးပေါ်လာတဲ့"အပစ်အခတ်ရပ်စဲရေး"ဆိုတာတွေဟာ ဗကပကို ချေမှုန်းဖို့အတွက် ဗိုလ်ချုပ်အောင်ကြီး၊ လော်စစ်ဟန်တို့ အကူအညီနဲ့ ဖော်ထုတ်ခဲ့တာပါ။ ဘာစာချုပ်စာတမ်း၊ ဘာတရားဝင် ရေးသားချက်မှမရှိပါဘူး။ အကုန်နှုတ်နဲ့ပါ။ နောက်ပြီး "နိုင်ငံရေးကိစ္စကို နောက်တက်လာတဲ့ နိုင်ငံရေး အစိုးရနဲ့မှ ဆွေးနွေးကြပါ"ဆိုတဲ့ နှစ်သိမ့်စကားလည်း ပါဝင်ပါတယ်။ အဲဒီနောက်ပေါ်လာတဲ့ "အပစ်အခတ် ရပ်စဲရေး" ဆိုတာတွေကတော့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကို ဦးတည်တိုက်နိုင်ရေးအတွက် ယာယီဖြေရှင်းခဲ့တာတွေ ဖြစ်ပါတယ်။ အဲဒီတုန်းက ဟာလိုပဲ ဘာတရားဝင် ရေးသားချက်မှ မရှိပါဘူး။

တကယ်ကျတော့ နအဖစစ်အစိုးရရဲ့ နိုင်ငံရေး အမွေကို ဆက်ခံထားတဲ့ ကြံ့ဖွတ်အစိုးရဟာ နအဖရဲ့အဓိက ဦးတည်ချက် ရန်သူသတ်မှတ်ချက်ကိုလည်း ဆက်ခံထားပါတယ်။ ဒါကြောင့် သူတို့ဟာ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ချေမှုန်းရေး ဦးတည်ချက်ကိုလည်းကိုင်စွဲမြဲကိုင်စွဲထားပါတယ်။ ဒီတော့ နဝတ-နအဖ ဖန်တီးခဲ့တဲ့ "အပစ် အခတ်ရပ်စဲရေး" စကားကိုလည်း အခုအထိတော့ ဆက်ပြောနေရဆဲဖြစ်နေပါတယ်။ လောလော ဆယ်ဆယ်တော့ ပိုနေမြဲ ကျားနေမြဲနဲ့ ထိန်းထားဖို့ ကြိုးစားနေပါတယ်။

ဒီနေရာမှာ ဖြတ်ပြောဖို့ လိုတာတခုက စစ်အစိုးရတွေ လုပ်ခဲ့တဲ့ ဒီ "အပစ်အခတ် ရပ်စဲရေး" တိုင်း၊ "ငြိမ်းချမ်းရေး" တိုင်းမှာ ရုပ်ဝတ္ထုအခွင့်အရေးတွေနဲ့ ချွေးသိပ်တာ ဖြစ်ပါတယ်။ စောဟံတာသာမွှေးကို သံအမတ်ရာထူး ပေးခဲ့သလိုလော်စစ်ဟန်ကို ငွေစက္ကူတွေ တရားဝင်ခဝါချခွင့်၊ မြို့တက်သူဌေးလုပ်ခွင့်တွေ ပေးခဲ့ပါတယ်။ အလားတူပဲ လက်ရှိ "အပစ်ရပ်" အဖွဲ့တွေကိုလည်း စီးပွားရေးလုပ်ကိုင်ခွင့်ပေါင်းများစွာနဲ့ အာစေးထည့်ခဲ့ပါတယ်။ ဆိုလိုတာ စစ်အစိုးရ အဆက်ဆက်လုပ်ခဲ့တဲ့ "အပစ်အခတ်ရပ်စဲရေး"တို့၊ "ငြိမ်းချမ်းရေး"တို့ဆိုတာတွေဟာ `ရိုးသားမှုလုံးဝမရှိဘူးဆိုတာဖြစ်ပါတယ်။

နောက်ပြောသင့်တဲ့ အချက်တခုက နဝတ၊ နအဖ၊ ကြံ့ဖွတ်စတဲ့ စစ်အစိုးရတွေ အနေနဲ့ အဲဒီ "အပစ်အခတ်ရပ်စဲမှု" တွေကနေပိုမိုပြည့်ဝတဲ့၊ ပီပြင်တဲ့ အပစ်အခတ်ရပ်စဲမှု၊ ဒါမှမဟုတ် ငြိမ်းချမ်းရေးကိုတည်ဆောက်မယ်၊ တက်လှမ်းမယ်စသဖြင့် စကားမျိုးကို သူတို့ပါးစပ်က မကြားရတော့တာပါ။ နိုင်ငံရေးစကား ပြောရေးဆိုတာမျိုးကတော့ ပိုလို့တောင်ဝေလာဝေး ဖြစ်ပါတယ်။ ဗိုလ်ခင်ညွန့် ပြောခဲ့တဲ့ နောက်တက်လာတဲ့ အစိုးရနဲ့ကျမှ ဆွေးနွေးကြပါဆိုတဲ့ စကားဟာ လေထဲမှာပဲ ပျောက်ကွယ်သွားပြီလို ဆိုရတော့မလို ဖြစ်ပါတယ်။

စစ်အစိုးရတွေဘက်က တဆင့်တက်လှမ်းလာတာက နယ်ခြားစောင့်တပ် လုပ်ရေးဆိုတာဖြစ်ပါတယ်။ ဒါဟာ ၁၉၄၈ ခုနှစ်ကစလို့ ကနေ့အထိ အစိုးရအဆက်ဆက်၊ စစ်အုပ်စုအဆက်ဆက်တို့ ကိုင်စွဲထားတဲ့ လက်နက်ချခိုင်းတဲ့ သဘောထားကို ပုံစံတမျိုးနဲ့ အကောင်အထည် ဖော်တာသာဖြစ်ပါတယ်။ နိုင်ငံရေးစကား တခွန်းမှမပါ၊ နိုင်ငံရေးအရ စေ့စပ်ညှိနှိုင်းတဲ့ လက္ခဏာလုံးဝမပါတဲ့ ဖြေရှင်းနည်းသာဖြစ်ပါတယ်။ ဒီသဘောထားကို ကြံ့ဖွတ် "အစိုးရသစ်"ဟာ ဈ-သည်မချန် အကုန် ဆက်ခံထားပါတယ်။

အထက်ကရေးခဲ့တာတွေကို ပြန်ချုပ်ရရင် စစ်အစိုးရ အဆက်ဆက်ဟာ ပြည်တွင်းစစ်ကို တကယ်ပြေလည်အောင်ဖြေရှင်းဖို့ ဆန္ဒ

**စာမျက်နှာ ၇ သို့**

# ပြည်ထဲရေးဝန်ကြီးနဲ့ တွေ့ခွင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် တောင်းဆို

**RFA ၊ ဇွန် ၂၉ ။** ။ NLD ပါတီအနေနဲ့ တရားဥပဒေနဲ့ အညီလိုက်နာဆောင်ရွက်ရေးဆိုပြီး ပြည်ထဲရေးဝန်ကြီးဌာနက သတိပေးစာနဲ့ပတ်သက်ပြီး NLD ပါတီဟာ ဥပဒေနဲ့အညီ ရပ်တည်လျက်ရှိတဲ့ ပါတီဖြစ်ကြောင်း ပြည်ထဲရေးဝန်ကြီးနဲ့တွေ့ဆုံ ဆွေးနွေးလိုကြောင်း NLD ပါတီက ကြေညာချက်စာတစောင် ဒီကနေ့ ထုတ်ပြန်လိုက်ပါတယ်။

ပြည်ထဲရေးဝန်ကြီးဌာနရဲ့ သတိပေးစာနဲ့ပတ်သက်ပြီး ပြည်ထဲရေး ဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကိုနှင့် တွေ့ဆုံ ဆွေးနွေးလိုကြောင်း ၂၀၁၁ ခုနှစ် ဇွန်လ ၂၉ ရက်နေ့က NLD ပါတီက ဒေါ်အောင်ဆန်းစုကြည် လက်မှတ်ရေးထိုး ထုတ်ပြန်လိုက်သည့် ကြေညာချက်ဖြစ်ပါသည်။

ပြည်ထဲရေးဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကိုက ဦးအောင်ရွှေနဲ့ ဒေါ်အောင်ဆန်းစုကြည်ထံ ဇွန်လ ၂၈ရက်နေ့ နေ့စွဲနဲ့လိပ်မူပြီး NLD ပါတီဟာ တရားဝင်ပါတီမဟုတ်တော့ကြောင်းနဲ့ ပါတီရဲ့ ဆောင်ရွက်ချက်တွေဟာ တရားဥပဒေစိုးမိုးရေးကိုထိခိုက်စေကြောင်း၊ ဒါကြောင့် ဥပဒေနဲ့ အညီ လိုက်နာဆောင်ရွက်ဘို့ စာတစောင် ပေးပို့ခဲ့ပါတယ်။

အလားတူ အစိုးရထုတ်သတင်းစာမှာ ဒေါ်အောင်ဆန်းစုကြည် နယ်ခရီးထွက်ဖို့ရှိပြီး အရင်အတွေ့အကြုံတွေအရ ဒီခရီးစဉ်မှာ ရုတ်ရုတ် သဲသဲဖြစ်မှာကို စိုးရိမ်တယ်လို့ ရေးသားထားတဲ့ ဆောင်းပါးတပုဒ်လည်း ဖော်ပြထားပါတယ်။

ပြည်ထဲရေးဝန်ကြီးဌာနက သတိပေးစာနဲ့ပတ်သက်ပြီး NLD ပါတီက ပြည်ထဲရေးဝန်ကြီးထံ ဒီကနေ့ ပြန်ကြားချက်စာတစောင် ပို့ခဲ့သလို ဒီစာကို ပါတီက ကြေညာချက်အဖြစ် ဒီကနေ့နေ့စွဲနဲ့ထုတ်ပြန်ခဲ့တာပါ။ ကြေညာချက်မှာ NLD ပါတီရဲ့ရပ်တည်ချက်ကိုဖော်ညွှန်းရေးသားထားတာ ဖြစ်သလို ပြည်ထဲရေးဝန်ကြီးနဲ့ တွေ့ဆုံဆွေးနွေးနိုင်ရေးကို ပန်ကြားထားတယ်လို့ ပါတီ ပြန်ကြားရေးတာဝန်ခံဦးအုန်းကြိုင်က ပြောပါတယ်။

NLDကိုပြည်ထဲရေးဝန်ကြီးဌာနကဒီကနေ့သတိပေးအကြောင်းကြားတာနဲ့ပတ်သက်လို့ ဗြိတိန်အခြေစိုက် မြန်မာ့အရေးလှုပ်ရှားမှုအဖွဲ့ Burma Campaign UK က ဝေဖန်ရှုတ်ချလိုက်ပြီး မြန်မာနိုင်ငံနဲ့ပတ်သက်လို့ အရေးယူ ဆောင်ရွက်ပေးဖို့ ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်ကို တိုက်တွန်းလိုက်ပါတယ်။

မြန်မာအစိုးရ ရေးသားပြောဆိုပုံ အသုံးအနှုန်းဟာ ၂၀၀၇ ခုနှစ် ဒီပဲယင်းတိုက်ခိုက်မှု မတိုင်ခင်က မြန်မာ စစ်အာဏာရှင်တွေက အသုံးပြုခဲ့တဲ့ အသုံးအနှုန်းဖြစ်ကြောင်း၊ ဒါ့ကြောင့် ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် ဘန်ကီမွန်း အနေနဲ့ မြန်မာနိုင်ငံအပေါ် စောင့်ကြည့် လေ့လာရေးမူဝါဒကို စွန့်လွှတ်ဖို့အချိန်တန်ပြီဖြစ်ကြောင်း အဖွဲ့ရဲ့အမှုဆောင်ညွှန်ကြားရေးမှူး Anna Roberts က ပြောပါတယ်။

---

**စာမျက်နှာ ၆ မှ**

လုံးဝမရှိဘူး၊ သူတို့ဟာ ဘယ်နေရာမှာမဆို၊ ဘယ်အချိန်မှာမဆို၊ စစ်တိုက်လို့ရအောင်၊ စစ်ဖြစ်လို့ရအောင် ဖန်တီးထားပါတယ်။ နိုင်ငံရေးပြဿနာကို မဖြေရှင်းတာဟာ လောင်စာတွေကို ချန်ထားတာပါပဲ။ ဒီလိုစစ်လည်းမဟုတ်၊ ငြိမ်းချမ်းရေးလည်း မဟုတ်တဲ့အခြေအနေတရပ်ကို ဖန်တီးထားခြင်းအားဖြင့် သူတို့စစ်အုပ်စုရဲ့ ပြည်သူအပေါ် စိုးမိုးမှုကို ပိုခိုင်မြဲစေမယ်၊ သူတို့ အကျိုးစီးပွားတွေ အတွက် ပိုအကျိုးရှိစေမယ်လို့ ယူဆနေသရွေ့တော့ သူတို့ဟာ အခုလိုအခြေအနေကို ထိန်းသိမ်းထားမှာသာ ဖြစ်ပါတယ်။

ပြည်တွင်းစစ်ကြောင့် ပြည်သူလူထုနဲ့ အောက်ခြေတပ်မှူးတပ်သားတွေ သေကြေ ဒုက္ခရောက်လည်း အဲဒီလို လူတွေ၊ ကြပ်ပြေးကလူတွေထဲမှာက ပြည်တွင်းစစ်ကြောင့် အိပ်ရေးပျက်တဲ့ လူဆိုတာတောင် မရှိပါဘူး။ဒါနဲ့ပြောင်းပြန်ဒီပြည်တွင်းစစ်ကြီးကြောင့်ကိုယ့်အတွက်ဘယ်လိုအကျိုးရှိတယ် ဆိုတာကို ဒီနေ့ဗမာပြည်မှာ ဗိုလ်သန်းရွှေ၊ ဗိုလ်သိန်းစိန်တို့လောက် သဘောပေါက်နားလည်တာ ဘယ်သူမှမရှိပါဘူး။

မုန့်သာတဖဲ့စီ ဝေစားမယ်၊ အာဏာကို တပြားဖို့မှ ဝေမစားနိုင်တဲ့ စစ်အုပ်စုဟာ နောင်မှာလည်း နိုင်ငံရေးအရဖြေရှင်းနည်းတွေကိုငြင်းပယ်နေအုန်းမှာပါ။ ဒီအတိုင်းသာဆိုရင် ဗမာပြည်မှာ စစ်အုပ်စုဆိုတာရှိနေသရွေ့ ပြည်တွင်းစစ်ဆိုတာလည်း ဆက်လက် တည်ရှိနေအုန်းမယ့်သဘော ဖြစ်နေပါတယ်။

---

**စာမျက်နှာ ၃ မှ**

ရန်းကန်တဲ့နေရာမှာလည်း ဒီလိုပဲဖြစ်ရမယ်။ ဘယ်တော့မှစိတ် ဓာတ်မကျပါနဲ့။အထူးသဖြင့် လူငယ်တွေက အဲဒီအခွင့်အရေးရှိတယ်။"

အထူးသဖြင့် ဒီမိုကရေစီလိုလားတဲ့ အစုအဖွဲ့တွေကြား တယောက် နဲ့တယောက် အားဖြည့်ပေးဖို့အတွက် ပညာသင်ပေးတာ၊သွေးလှူတာတို့လို သူ့ကဏ္ဍအလိုက် ကွန်ရက်ကလေးတွေဖွဲ့ပြီးအဆက်အသွယ်ထား ညီညွတ်ကြဖို့လည်း ပြောဆိုခဲ့ပါတယ်။

"ကျမတို့ ကွန်ရက်ဖွဲ့တယ်ဆိုတာ ဘာဖြစ်လို့လဲဆိုတော့ ကျမတို့နိုင်ငံမှာ ဒီမိုကရေစီလိုလားတဲ့ အစုအဖွဲ့တွေ ကြားထဲမှာဆက်သွယ်မှုရှိဖို့၊ ညီညွတ်မှုရှိဖို့၊ တဦးကိုတဦး အပြန်အလှန် အား ပေးနိုင်ဖို့။ ဥပမာဆိုရင် တချို့လူငယ်တွေ ပြောသွားတဲ့ အထဲမှာ ချို့တဲ့တဲ့ကလေး တွေကို စာသင်တဲ့အခါမှာ အခက်အခဲတွေရှိတယ်၊ ဆရာ တွေမလုံလောက်ဘူး၊ တယောက်တည်းနဲ့ လုပ်ဖို့ကလည်း အင်မတန်မှ ခက်ခဲပါတယ်ဆိုပြီး ရှင်းပြသွားတာတွေ ရှိတယ်။ အဲဒီတော့ အဲဒါတွေက ကွန်ရက်ရဲ့ သဘောထားကို နားလည်လို့ရှိရင် ဒီလို ပြဿနာလေးတွေက အတိုင်းအတာ တခုအထိ ဖြေရှင်းနိုင်မယ်။"

လူငယ်တွေအနေနဲ့အခုချိန်ဟာတာဝန်တွေပိုပြီးယူရမယ့်အချိန်ရောက်လာပြီဖြစ်ပြီး ကိုယ့်ဘက်က ပေးဆပ်နိုင်တာကို ပေးဖို့၊ ဒီလိုပေးဆပ်နိုင်တာကို စဉ်းစားတဲ့အခါမှာ အရေးအကြီးဆုံးက ကိုယ့်ရဲ့အားသာချက်၊ အားနည်းချက်တွေကို ကိုယ်တိုင် ဂဃနဏ သိထားဖို့လိုအပ်ပါတယ်လို့ ဒေါ်အောင်ဆန်းစုကြည်က ပြောကြားခဲ့ပါတယ်။

မနက်ဖြန် ဗုဒ္ဓဟူးနေ့မှာတော့ ဒေါ်အောင်ဆန်းစုကြည်ဟာ အောက် မြန်မာနိုင်ငံ တခွင်က လူငယ်တွေနဲ့ ဆက်ပြီး တွေ့ဆုံဆွေးနွေးဖို့ ရှိပါတယ်။

# ဦးသိန်းစိန်အစိုးရရဲ့ ဒေါ်အောင်ဆန်းစုကြည်ကို သတိပေးချက် မက်ကိန်းစိုးရိမ်

**VOA ၊ ၂၉ ဇွန် ၂၈ ။** ။ အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ် (NLD) ပါတီဟာ တရားဝင် နိုင်ငံရေးပါတီတခု မဟုတ်တော့တာကြောင့် နိုင်ငံရေးလှုပ်ရှားမှုတွေကို ရပ်ဖို့ မြန်မာအစိုးရသစ်က သတိပေးလိုက်ပါတယ်။ အခုလိုမျိုး မြန်မာအစိုးရအနေနဲ့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၊ မြန်မာ့ ဒီမိုကရေစီခေါင်းဆောင်ဒေါ်အောင်ဆန်းစုကြည်တို့ရဲ့ နိုင်ငံရေးလှုပ်ရှားမှုတွေကို တားမြစ်ပိတ်ပင်တာဟာ ဒေါ်အောင်ဆန်းစုကြည်ရဲ့ နိုင်ငံရေးလုပ်ဆောင်ခွင့်၊ လှုပ်ရှားခွင့်တွေကို ဟန့်တား ချိုးဖောက်တာဖြစ်တယ်လို့ ဗွီအိုအေ မြန်မာပိုင်းနဲ့ ဆက်သွယ်မေးမြန်းခန်းမှာ အရီဇိုးနားပြည်နယ် အထက်လွှတ်တော်အမတ် John McCain က ဝေဖန်ပြစ်တင်လိုက်ပါတယ်။ မြန်မာအစိုးရရဲ့ဒီလုပ်ရပ်ကြောင့် မြန်မာ၊ အမေရိကန် ဆက်ဆံရေး ပြန်လည်ကောင်းမွန်ဖို့အတွက်လည်း ထိခိုက်စေလိမ့်မယ်လို့ သတိပေးလိုက်ပါတယ်။ အပြည့်အစုံကို ကိုသားညွန့်ဦးကတင်ပြပေးထားပါတယ်။

မြန်မာနိုင်ငံကို မကြာခင်က သွားရောက်ပြီး မြန်မာအာဏာပိုင်တွေကိုရော မြန်မာ့ဒီမိုကရေစီ အတိုက်အခံတွေကိုပါ တွေ့ဆုံခဲ့တဲ့၊ အမေရိကန်နိုင်ငံရေးမှာ ဩဇာကြီးတဲ့ အထက်လွှတ်တော်အမတ် ဂျွန်မက်ကိန်းကအခုလိုဒီသတင်းကြားရတဲ့အတွက် သူ့အနေနဲ့အတော်လေး စိတ်ပျက်လက်ပျက်ဖြစ်မိတယ်လို့ ဗွီအိုအေ မြန်မာပိုင်းကိုပြောပါတယ်။ အထူးသဖြင့်တော့ ဒေါ်အောင်ဆန်းစုကြည် အနေနဲ့မကြာခင် မြန်မာနိုင်ငံအတွင်း ခရီးစဉ်ထွက်ဖို့ရှိတာမို့ ဒီအပေါ်မှာ ချုပ်ချယ်ကန့်သတ်မှုတွေဖြစ်လာမှာကို မစ္စတာမက်ကိန်းကစိုးရိမ်တဲ့အကြောင်းပြောပါတယ်။

"ဥပဒေ ချိုးဖောက်မှုမရှိတဲ့ တရားဝင် နိုင်ငံရေးပါတီ တရပ်ကို နိုင်ငံရေးလှုပ်ရှားမှုတွေ မလုပ်ဖို့ အစိုးရက အခုလို သတိပေး ပြောဆိုတာကြားရတဲ့အတွက် အတော်လေးစိတ်ပျက်လက်ပျက် ဖြစ်မိပါတယ်။ ဒေါ်အောင်ဆန်းစုကြည်ရဲ့ လာမယ့်ခရီးစဉ်အတွက် သူ့ရဲ့ နိုင်ငံရေးလုပ်ဆောင်ခွင့်၊ လှုပ်ရှားခွင့်ကို ကန့်သတ်တာမျိုးဖြစ်နေတာအတွက် အတော်လေးလည်းစိတ်အနှောင့်အယှက် ဖြစ်ရပါတယ်။"

အထူးသဖြင့်တော့ ဒီခရီးစဉ်အတွင်းမှာ ဒေါ်အောင်ဆန်းစုကြည်ရဲ့လုံခြုံရေးအတွက် သူ့အနေနဲ့ စိုးရိမ်မိတယ်လို့ဆိုပါတယ်။ ၂၀၀၃ ခုနှစ် ဒီပဲယင်းမှာဖြစ်ခဲ့တဲ့ အဖြစ်အပျက်မျိုး ထပ်ပြီးတော့ မဖြစ်စေဖို့ကိုလည်း မျှော်လင့်တယ်လို့ပြောဆိုသလိုပဲ လာမယ့်ဒေါ်အောင်ဆန်းစုကြည်ရဲ့ ခရီးစဉ်ဟာ မြန်မာအစိုးရအပေါ်မှာ စမ်းသပ်မှုတခု ဖြစ်စေလိမ့်မယ်လို့လည်း သတိပေးပါတယ်။

"အင်မတန်စိုးရိမ်မိပါတယ်။ ဒေါ်အောင်ဆန်းစုကြည်အနေနဲ့ တိုင်းပြည်အတွင်းကို မကြာခင် ခရီးသွားလာဖို့ပြင်နေတာ သတိထားရပါတယ်။ ၂၀၀၃ ခုနှစ် ဒီပဲယင်းတုန်းကလို ဒေါ်အောင်ဆန်းစုကြည်ကို တိုက်ခိုက်တာမျိုး ထပ်မဖြစ်လာစေဖို့ မျှော်လင့်ပါတယ်။ အဲဒီတုန်းက ဒေါ်အောင်ဆန်းစုကြည်ကိုထောက်ခံသူတော်တော်များများသတ်ဖြတ်ခံခဲ့ရပါတယ်။"

အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်နဲ့ ဒေါ်အောင်ဆန်းစုကြည်တို့ရဲ့ နိုင်ငံရေးဆောင်ရွက်ခွင့်တွေကို တားမြစ်တာဟာ တဘက်မှာ မြန်မာအစိုးရနဲ့အမေရိကန်အပါအဝင် နိုင်ငံတကာနဲ့ဆက်ဆံရေးတိုးတက်ကောင်းမွန်အောင် ကြိုးပမ်းနေတဲ့အပိုင်းကိုလည်း ထိခိုက်စရာရှိနိုင်တယ်လို့ မစ္စတာမက်ကိန်းက ပြောသွားပါတယ်။

"ကျနော် အဲဒီမှာ ရှိနေတုန်းက အစိုးရအနေနဲ့ အမေရိကန်ပြည်ထောင်စုနဲ့ ဒေသတွင်း အခြားနိုင်ငံတွေနဲ့ ဆက်ဆံရေးတိုးတက်ကောင်းမွန်လာအောင် ကြိုးပမ်းတာမျိုးတွေ တွေ့ခဲ့ရပါတယ်။ အခု ဒီဖြစ်ရပ်ကတော့ ဒီကြိုးပမ်းမှုတွေအတွက် ထိခိုက်စေတယ်လို့ မြင်ပါတယ်။"

တကယ်လို့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နဲ့ ဒေါ်အောင်ဆန်းစုကြည်ကို အရေးယူလာမယ်၊ ဖိနှိပ်လာမယ်ဆိုရင်တော့ နိုင်ငံတကာအနေနဲ့ အရေးယူတုံ့ပြန်ရလိမ့်မယ်လို့လည်း အထက်လွှတ်တော်အမတ်မက်ကိန်းက ပြောပါတယ်။ အထူးသဖြင့် ဒေသတွင်း နိုင်ငံတွေက ပိုပြီး တင်းတင်းကျပ်ကျပ် ကိုင်တွယ်သင့်တယ်လို့ ဆိုပါတယ်။

"ဒေသတွင်းနိုင်ငံတွေအနေနဲ့ ပိုပြီး တင်းတင်းကျပ်ကျပ်ကိုင်တွယ် သင့်ပါတယ်။ အထူးသဖြင့်တော့ လာမယ့် ၂၀၁၄ မှာ မြန်မာနိုင်ငံကို အာဆီယံအလှည့်ကျဥက္ကဋ္ဌပေးသင့်၊ မပေးသင့်ဆိုတာကို အသေအချာ စဉ်းစားသုံးသပ်ဖို့လိုပါလိမ့်မယ်။ မြန်မာလူထုရဲ့ အခြေခံရပိုင်ခွင့်တွေကို ခွင့်ပြုပေးဖို့ အစိုးရကို ဖိအားပေးဖို့အတွက် တခြားအရေးဆောင်ရွက်မှုတွေလည်း လုပ်သင့်ပါတယ်။"

မစ္စတာမက်ကိန်းဟာ ပြီးခဲ့တဲ့လဆန်း အတွင်းကပဲ မြန်မာနိုင်ငံကိုသွားရောက်ပြီး နေပြည်တော်မှာ မြန်မာအာဏာပိုင်တွေနဲ့တွေ့ဆုံသလို ရန်ကုန်မှာလည်း အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ရုံးချုပ်အထိ သွားရောက်ပြီး ဒေါ်အောင်ဆန်းစုကြည်အပါအဝင် အခြားတက်ကြွလှုပ်ရှားသူ အတော်များများနဲ့တွေ့ဆုံခဲ့ပါတယ်။ သူ့အနေနဲ့တော့ မြန်မာအစိုးရအနေနဲ့ ပြုပြင်ပြောင်းလဲရေးပိုင်းမှာ ကနဦးအဆင့်အနေနဲ့ ICRC အပြည်ပြည်ဆိုင်ရာကြက်ခြေနီအသင်းကို နိုင်ငံရေးအကျဉ်းသားတွေနဲ့တွေ့ဆုံခွင့်ပေးပြီး နိုင်ငံရေးအကျဉ်းသား အားလုံးကို အမြန်ဆုံး လွှတ်ပေးဖို့ မြန်မာအစိုးရကို တောင်းဆိုခဲ့တယ်လို့ သိရပါတယ်။

---

## ဒေါ်အောင်ဆန်းစုကြည် ခြိမ်းခြောက်ခံနေရမှုအပေါ် ဗြိတိန်အစိုးရ အထူး စိုးရိမ်မကင်းဖြစ်နေ

**RFA ၊ ဂျူလိုင် ၁ ။** ။ မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်ရဲ့ လှုပ်ရှားမှုတွေနဲ့ပတ်သက်ပြီး အစိုးရသစ်က ခြိမ်းခြောက်တဲ့အသုံးအနှုန်းတွေနဲ့ ပြုမူပြောဆိုလာတာကို ဗြိတိန် အစိုးရအနေနဲ့ အထူးတလည် စိုးရိမ်မကင်းဖြစ်မိတယ်လို့ ဗြိတိန်နိုင်ငံခြားရေးဝန်ကြီး William Hague က မနေ့က ပြောကြားလိုက်ပါတယ်။

ဒေါ်အောင်ဆန်းစုကြည်အနေနဲ့ အန္တရာယ်မရှိပဲ လွတ်လွတ်လပ်လပ် သွားလာခွင့်ရှိရမယ်လို့ ဗြိတိန်နိုင်ငံခြားရေးဝန် ကြီးကဆိုပါတယ်။

ဒ့ါအပြင် နိုင်ငံတကာအသိုင်းအဝိုင်း အနေနဲ့လည်း အခြေအနေတွေကို အနီးကပ်စောင့်ကြည့်နေတယ်လို့လည်း ဗြိတိန်နိုင်ငံခြားရေးဝန်ကြီးရဲ့ကြေညာချက်မှာဖေါ်ပြထားပါတယ်။

ဗြိတိန်နိုင်ငံခြားရေးဝန်ကြီးရဲ့ ထုတ်ဖေါ်ပြောဆိုချက်ဟာ မြန်မာအစိုးရက ဒေါ်အောင်ဆန်းစုကြည်ရဲ့ နိုင်ငံရေးလှုပ်ရှားမှုတွေကို ပိုပြီး

စာမျက်နှာ ၁၉ သို့




**ဂျွန် ၂၄ ၊ WTN ။ ။** မြန်မာမှ ဒုက္ခသည်များကို သူတို့ ခိုလှုံသည့်နိုင်ငံများမှ ပိုင်းဝန်းကူညီရန်နှင့် တိုက်ပွဲများရပ်တန့်ရန် အမေရိကန်အစိုးရမှ မြန်မာနှင့် အိမ်နီးချင်းအစိုးရများသို့တိုက်တွန်း၏။

**ဂျွန် ၂၄ ၊ MANDALAY။ ။** မန္တလေးမြို့ ဆေးချိုအနီး ဈေးချိုဟိုတယ်ရှေ့ ၈၄ လမ်းပေါ်တွင် ဗုံးကွဲမှုဖြစ်ပွား၍ လူထုထိတ်လန့်ခဲ့၏။

**ဂျွန် ၂၅ ၊ WTN ။ ။** မြန်မာတွင် လူ့အခွင့်အရေးဖါက်ဖျက်မှုများကို ကုလသမဂ္ဂပံ့ပိုးသည့် စုံစမ်းစစ်ဆေးရေးတွင် အမေရိကန်သည် ပါဝင်ကူညီမည်ဟုဆို၏။

**ဂျွန် ၂၆ ၊ Monsters and Ctitics, DVB ။ ။** ဦးရွှေမန်းဦးဆောင်သည့် မြန်မာပါလီမန်မှ အဖွဲ့တဖွဲ့သည် ရုရှားတွင် လေ့လာနေ၏။

**ဂျွန် ၂၇ ၊ DVB ။ ။** မန္တလေးမြို့တွင် တရုတ်ကုန်သည်များနှင့် မြန်မာကုန်သည်များ ငြင်းခုံ ခိုက်ရန်ဖြစ်ပွားခဲ့ကြောင်း။

**ဂျွန် ၂၇ ၊ BKK ။ ။** ထိုင်းလုပ်ငန်းကြီးများသည် ထားဝယ်ဆိပ်ကမ်းစီမံကိန်းကို လုံခြုံရေးအတွက် စိတ်ပူကာ အကောင်အထည်ဖေါ်ရန် ဝန်လေးနေ၏။

**ဂျွန် ၂၇ ၊ Foreign Policy in Focus ။ ။** သူ၏ စာအုပ်သစ် နျူးဘားမားတွင် အပြုသဘောဆက်ဆံမှုသည် မြန်မာအားဒီမိုကရေစီသို့မပို့ဘဲ၊ မြန်မာအတွက် ခြောက်လှန့်မှုတခုဖြစ်ကြောင်း John Dale မှ ဆို၏။

**ဂျွန် ၂၈ ၊ Mizzima ။ ။** BBC.Reith သင်ခန်းစာ အခန်းတွင် ဒီပဲယင်းရက်စက်လုပ်ကြံမှု ကြောက်ရွံ့ခြင်း၊ အဲန်အဲလ်ဒီ၏ ဖွဲ့နှင့် ပိုမိုခိုင်မာလာမှုစသည်တို့ကို ဒေါ်အောင်ဆန်းစုကြည်မှ ဟောပြော၏။

**ဂျွန် ၂၈ ၊ BBC ။ ။** မြန်မာဒီမိုကရေစီလှုပ်ရှားမှုသည် အကြမ်းမဖက်သည့်နည်းကိုမစွန့်လွှတ်ဟု မပြောနိုင်ကြောင်း ဒေါ်အောင်ဆန်းစုကြည်မှ ဘီဘီစီ၏ Reith သင်ခန်းစာအစီအစဉ်တွင် အရိပ်အမြွက်ပြပြောဆိုခဲ့ ကြောင်း။

**ဂျွန် ၂၈ ၊ Deccan Herald ။ ။** ကုန်သွယ်ရေးနှင့်နည်းဗျူဟာရေးထက် အိန္ဒိယသည် မြန်မာဒီမိုကရေစီကိုပိုမိုထောက်ခံသင့်ကြောင်း ယနေ့ဒေါ်အောင်ဆန်းစုကြည်မှ တိုက်တွန်း၏။

**ဂျွန် ၂၈ ၊ Mizzima ။ ။** အဲန်အဲလ်ဒီလူငယ် ၈၀ ဦးခန့်နှင့်ဆွေးနွေးပွဲကျင်းပခဲ့ရာ ဒေါ်အောင်ဆန်းစုကြည်မှ အနာဂတ်လူငယ်များကဏ္ဍကို ဦးစားပေးပြောခဲ့၏။

**ဂျွန် ၂၈ ၊ DVB ။ ။** အမေရိကန်သည် မြန်မာအစိုးရကိုသာမက အစိုးရနှင့်မကင်းသော လုပ်ငန်းနှင့်ဆိုင်ရာလူများကိုပါ ချုပ်ချယ်ပိတ်ပင်ရန် ယူအက်စ်ကင်ပိန်းဘားမားမှတိုက်တွန်း၏။

**ဂျွန် ၂၈ ၊ DVB ။ ။** မြစ်ကြီးနားသို့ဝင်လာသည့် ရထားများတွင် မြန်မာစစ်သားများနှင့်ပြည့်နေ၍ စစ်ထပ်ဖြစ်မည်ကို ဒေသခံများ စိုးရိမ်နေကြောင်း။

**DVBဂျွန် ၂၉ ၊ AFP ။ ။** အမေရိကန်သည် မြန်မာနှင့်ဆွေးနွေးခြင်းများကိုလိုလားသော်လည်း မြန်မာသည် အာဆီယံအလှည့်ကျဥက္ကဌဖြစ်မည့်အရေးအပေါ် စိုးရိမ်နေကြောင်း အမေရိကန်၏ပထမဆုံး မြန်မာဆိုင်ရာသဘောထားအရာရှိ နေရာ ရာထားခြင်းခံရသူ Derek Mitchell မှဆို၏။

**ဂျွန် ၂၉ ၊ UN, Inner City Press ။ ။** ဘန်ကီမွန်း၏လက်ထောက် V.Nambiar ၏ မြန်မာအရေး ဆိပ်ငြိမ်စွာသံတမန်ရေးဆောင်ရွက်မှုသည် အလွန်ဆိတ်ငြိမ်လွန်းသော် သံတမန်နည်းလော၊ သံတမန်နည်းပင် ဟုတ်သလောဟု စာရေးသူမှ ဝေဖန်၏။

**ဂျွန် ၂၉ ၊ IRIN ။ ။** မြန်မာသည် အခြေမြဲသည့် အနုစိတ်ဘဏ္ဍာရေးစနစ်ကို တည်ဆောက်သင့်သည်ဟု မေလတွင် သမတဦးသိန်းစိန်၏စကားကို အကူအညီပေးအဖွဲ့များမှ စိတ်ဝင်စားနေကြ၏။

**ဂျွန် ၂၉ ၊ UPI ။ ။** NLD သည် ရုံးများဆက်လက်ဖွင့်လှစ်ထားရှိခြင်း၊ ညွှန်ကြားချက်များထုတ်ခြင်းစသည်တို့ပြုမူနေမှုသည် ဥပဒေနှင့်ဆန့်ကျင်သည်ဟု အစိုးရခေါင်းဆောင်းများမှဆို၏။

**ဂျွန် ၂၉ ၊ HRW ။ ။** အမေရိကန်သည် ခလေးစစ်သည်သုံးသည့် နိုင်ငံများအား အပြစ်ပြောနေရုံဖြင့်မပြီး၊ အကူအညီပေးခြင်းများဖြတ်သင့်ကြောင့် လူ့အခွင့်အရေးကင်းစောင့်အဖွဲ့ **Human Rights Watch** မှ ဆို၏။

**ဂျွန် ၂၉ ၊ Straits Times ။ ။** ဂျပန် ဒုနိုင်ငံခြားရေးဝန်ကြီး မကိကို ကိကုတာသည် ဒေါ်အောင်ဆန်းစုကြည်နှင့် တနာရီကြာခန့်ဆွေးနွေးခဲ့၏။ နိုင်ငံရေးဆွေးနွေးခဲ့သော်လည်း အသေးစိတ်မပြောနိုင်သေးဟု ဒေါ်အောင်ဆန်းစုကြည်မှ ဆို၏။

**ဂျွန် ၂၉ ၊ Pravda News ။ ။** ဒေါ်အောင်ဆန်းစုကြည်သည် ပထမဆုံး ပြည်တွင်းခရီးစဉ်ကို စတင်တော့မည်ဖြစ်ကြောင်း။

**ဂျွန် ၂၉ ၊ Financial Express Bangladesh ။ ။** ဒက္ကာနှင့် လေကြောင်းခရီးစဉ် ဖွင့်လိုကြောင်း မြန်မာမှဆို၏။

**ဂျွန် ၂၉ ၊ DVB ။ ။** တရုတ်သို့ဓါတ်ငွေ့ လိုင်းဖေါက်မှုများ စစ်ကြောင့် တလခန့် တန့်နေရာမှ ပြန်စနေ၏။

**ဂျွန် ၂၉ ၊ DVB ။ ။** မန္တလေး ဗုံးပေါက်ကွဲမှုများအတွက် တိုင်းရင်းသား ၃ ဦးအား စစ်ဆေးခဲ့ကြောင်း။

**ဂျွန် ၂၉ ၊ Asia Times Online ။ ။** ကချင်တိုင်းရင်းလက်နက်ကိုင်အဖွဲ့များနှင့် တိုက်ပွဲများ စတင်လာ၍ မြန်မာသည် ပြည်တွင်းစစ်အခြေသို့ ပိုနီးလာကြောင်း Brian McCartan မှသတင်းဝေဖန်၏။

**ဂျွန် ၂၉ ၊ RGN- Rtrs ။ ။** ဒေါ်အောင်ဆန်းစုကြည်အား နိုင်ငံရေးမှလုံးဝရှောင်ရန် အစိုးရမှအတိအလင်းပြောဆိုသဖြင့် ဒေါ်အောင်ဆန်းစုကြည်မှ အာဏာပိုင်များအာတွေ့ဆုံရှင်းလင်းလိုကြောင်းဖြင့် ဆို၏။

**ဂျွန် ၃၀ ၊ Mizzima ။ ။** ပင်စင်ယူဝန်ထမ်းလစာများ ဂျူလိုင်လမှစ၍ တိုးမည်ဖြစ် ပင်စင်ယူသော်လည်း တူညီသော လခရနေမည်ဟု အာဏာပိုင်များမှဆို၏။

**ဂျွန် ၃၀ ၊ Mizzima ။ ။** မြန်မာ့နိုင်ငံရေးပါတီ ဖ ပါတီသည် ဂျပန်သို့ဂျူလိုင် ၁၃ မှစ၍ တပတ်လေ့လာရေးခရီးသွားမည်။

**ဂျွန် ၃၀ ၊ Mizzima ။ ။** အဲန်အဲလ်ဒီပါတီသည် တရားဝင်ပါတီဖြစ်ကြောင်းနှင့် အစိုးရနှင့် ပါလီမန်ကို မဆန့်ကျင်ကြောင်းဖြင့် အစိုးရ၏ စွတ်စွက်မှုကို အဲန်အဲလ်ဒီမှ ချေပ၏။

**စာမျက်နှာ ၁၃ သို့**

## ဂျပန် ဒုနိုင်ငံခြားရေးဝန်ကြီး ဒေါ်စုနဲ့တွေ့ဆုံဆွေးနွေး

**RFA | ဂျွန် ၃၀ ။** ။ အာဏာသိမ်းစစ်အစိုးရ ဖျက်သိမ်းပြီးနောက် မြန်မာနိုင်ငံရဲ့ နိုင်ငံရေးအခြေအနေအကျင်းကို လေ့လာအကဲခတ်ဖို့ ရောက်ရှိနေတဲ့ ဂျပန်နိုင်ငံ ဒုတိယနိုင်ငံခြားရေးဝန်ကြီး Ms. Kikuta ဟာ ဒီကနေ့ ဒေါ်အောင်ဆန်းစုကြည်နဲ့ တွေ့ဆုံဆွေးနွေးခဲ့ပါတယ်။

ဒေါ်အောင်ဆန်းစုကြည်နဲ့ တနာရီခန့်တွေ့ဆုံရာမှာ နှစ်ဖက်စလုံးက ဂျပန်-မြန်မာ နှစ်နိုင်ငံချစ်ကြည်ရေးတည်ဆောက်ဖို့ လိုအပ်ကြောင်း သဘောတူညီကြတယ်လို့ ဂျပန် ဒုတိယနိုင်ငံခြားရေး ဝန်ကြီးကပြောပါတယ်။

မိမိတို့ဟာ နိုင်ငံရေးကိစ္စများလည်းဆွေးနွေးကြကြောင်း ဒါပေမဲ့ အသေးစိတ်ကိုတော့ ထုတ်ဖော်မပြောလိုကြောင်း ဒေါ်အောင်ဆန်းစုကြည်က သတင်းထောက်တွေကို ပြောပါတယ်။

အခုလို ဂျပန် ဒုတိယနိုင်ငံခြားရေးဝန်ကြီးနဲ့ ဒေါ်အောင်ဆန်းစုကြည်တို့ မတွေ့ဆုံခင်ကလေးမှာပဲ စစ်တပ် ကျောထောက်နောက်ခံ မြန်မာအစိုးရက ဒေါ်အောင်ဆန်းစုကြည်ကို ဥပဒေချိုးဖောက်နေတယ်လို့စွပ်စွဲကာ နိုင်ငံရေးကိစ္စတွေမလုပ်ဆောင်ဖို့သတိပေးလိုက်ပါတယ်။

ဂျပန် နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယ နိုင်ငံခြားရေးဝန်ကြီးဟာ အင်္ဂါနေ့ကတော့ မြန်မာ နိုင်ငံခြားရေးဝန်ကြီး ဦးဝဏ္ဏမောင်လွင်နဲ့ နေပြည်တော်မှာ တွေ့ဆုံဆွေးနွေးခဲ့ပါတယ်။

Ms. Kikuta ဟာ မြန်မာနိုင်ငံကို မထွက်ခွါလာမီ ဂျပန်နိုင်ငံမှာ ပြောကြားရာမှာတော့ ရွှေဝါရောင်တော်လှန်ရေး ကာလအတွင်း သေဆုံးခဲ့ရတဲ့ ဂျပန်သတင်းထောက် ကင်ဂျိ နာဂါအိ သေဆုံးရမှုနဲ့ပတ်သက်လို့ သေသေချာချာ ပြည့်ပြည့်စုံစုံ စုံစမ်းစစ်ဆေးဖို့ မြန်မာအစိုးရကိုတွန်းအားပေးမယ်ဖြစ်ကြောင်း ပြောဆိုခဲ့ပါတယ်။

## မြန်မာနိုင်ငံ အထူးကိုယ်စားလှယ် ကြားနာပွဲပြုလုပ်

**RFA | ဂျွန် ၃၀ ။** ။ မြန်မာနိုင်ငံဆိုင်ရာ အမေရိကန် အထူးကိုယ်စားလှယ်အဖြစ် သမ္မတအိုဘားမားအဆိုပြုထားတဲ့ အာရှနဲ့ ပစိဖိတ်ရေးရာ ဒုတိယလက်ထောက် ကာကွယ်ရေးဝန်ကြီး Derek Mitchell ရဲ့ကြားနာပွဲကို အမေရိကန်အထက်လွှတ်တော် အာရှနဲ့ပစိဖိတ်ဒေသဆိုင်ရာ နိုင်ငံခြားရေးရာဆပ်ကော်မတီမှာ မနေ့ ညနေပိုင်းက ပြုလုပ်ခဲ့ပါတယ်။

မြန်မာအစိုးရနဲ့ ပွင့်ပွင့်လင်းလင်း ဆက်ဆံသွားမယ်လို့ အဲဒီ ကြားနာပွဲမှာ Mr. Mitchell က ပြောပါတယ်။

ကျနော့်ကိုအတည်ပြုလိုက်ပြီဆိုရင် ကျနော့်အနေနဲ့ မြန်မာအစိုးရနဲ့တိုက်ရိုက်ပွင့်ပွင့်လင်းလင်းဆက်ဆံနိုင်မယ့်အခွင့်အလမ်းတွေကို ကြိုးစားရှာဖွေမှာပါ။ ဒါဟာ အမေရိကန်ရဲ့ သတ်မှတ်ချက်တန်ဖိုးတွေနဲ့ နိုင်ငံအကျိုးစီးပွားကို မြှင့်တင့်တဲ့အနေနဲ့ မြန်မာနိုင်ငံနဲ့ ရှေ့ဆက်ပြီး အပြုသဘောဆောင် ဆက်ဆံသွားဖို့ ဖြစ်ပါတယ်။ ဒါ့အပြင် လုံခြုံပြီး ချမ်းသာဝပြောတဲ့ နိုင်ငံအဖြစ်ရောက်ဖို့ မြန်မာနိုင်ငံရဲ့ကြိုးပမ်းချက်အပေါ်မှာ အမေရိကန်က ကူညီပံ့ပိုးတဲ့ သ ဘောလည်း ဖြစ်တယ်လို့ပြောသွားတာပါ။

အမေရိကန်အထက်လွှတ်တော် နိုင်ငံခြားရေးရာကော်မတီ ဥက္ကဋ္ဌ John Kerry ကလည်း မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်အထူးကိုယ်စားလှယ်အဖြစ် ခန့်အပ်မယ့်ကိစ္စဟာ အမေရိကန်နဲ့ မြန်မာဆက်ဆံရေးပြန်လည်ကောင်းမွန်လာဖို့အတွက် အခွင့်အလမ်းတခုပဲလို့ပြောပါတယ်။ Derek Mitchell ကို မြန်မာနိုင်ငံဆိုင်ရာ အမေရိကန် အထူးကိုယ်စားလှယ်အဖြစ် အထက်လွှတ်တော်နဲ့ အောက်လွှတ်တော်ကအတည်ပြုဖို့အတွက်အခုလိုကြားနာစစ်ဆေးပွဲကိုပြုလုပ်တာဖြစ်ပါတယ်။

---

# တောင်ငူမြို့တွင် အင်အားပြင်း ဗုံးပေါက်ကွဲ ထိခိုက်ဒဏ်ရာ မရှိဟုဆို

**Mizzima | ဂျွန် ၂၉ ။** ။ ပဲခူးတိုင်း တောင်ငူမြို့၌ အင်အားပြင်း ထန်သည့် ဗုံးတလုံး ဗုဒ္ဓဟူးနေ့ မွန်းလွဲပိုင်းတွင် ပေါက်ကွဲခဲ့သော်လည်း တဦးတယောက်မျှ ထိခိုက်ဒဏ်ရာရမှု မရှိဟု မြို့နယ်အာဏာပိုင်များက ပြောဆိုသည်။

ပဲခူးတိုင်းအရှေ့ပိုင်း တောင်ငူမြို့ ၂၀ ရပ်ကွက် မိတ္ထီလလမ်းနှင့် မင်းကြီးညိုလမ်းထောင့်ရှိ မြက်ခင်းပြင်ပေါ်တွင် မွန်းလွဲ ၁ နာရီခန့်၌ပေါက်ကွဲခြင်းဖြစ်ကြောင်း ခရိုင်ရဲတပ်ဖွဲ့၊ အမှတ် ၁ ရဲစခန်းနှင့် မြို့နယ်စည်ပင်က ဆိုသည်။

"ဗုံးကတော့ ချိန်ကိုက်ဗုံးလို့ ယူဆရပါတယ်။ ပြင်းအားကတော့ တော်တော့်ကို ပြင်းပုံရတယ်။ 'ဗုန်း' ဆို တမြို့လုံးကို ဟီးသွားတာပဲ။ သတင်းရပြီးသွားကြည့်တော့ မြက်ခင်းပဲစုတ်ပြတ်သွားတာ အဲဒီနားမှာ အဆောက်အအုံကလည်း ကပ်လျက်မရှိဘူးလေ" ဟု ဗုံးကွဲသည့် နေရာသို့ ကြည့်ရှုခဲ့သည့် မြို့နယ် စည်ပင်သာယာဌာနမှ အရာရှိတဦးက မဇ္ဈိမကို ပြောသည်။ တောင်ငူခရိုင် ရဲမှူးအပါအဝင် အမှတ် ၁ ရဲစခန်း တာဝန်ကျ ရဲများက ဗုံးပေါက်ကွဲခဲ့သည့်နေရာသို့ သွားရောက်ကာ လမ်းများပိတ် ထားလိုက်ပြီး ဗုံးထပ်မံရှိမရှိ စစ်ဆေးနေပြီး မြို့အဝင်အထွက် လမ်းများ၌ ဆိုင်ကယ်နှင့် ကားများကို စစ်ဆေး နေသည်။

လွန်ခဲ့သည့် တပတ်ခန့်ကပင် တောင်ငူမြို့ပေါ်၌ ဧည့်စာရင်းစစ်ဆေးခြင်း အပါအဝင် လမ်းမကြီးများပေါ် ဖြတ်သန်း သွားလာနေသည့် ယာဉ်များကို ရှောင်တခင်စစ်ဆေးခဲ့ကြောင်း မြို့ခံတဦးကပြောသည်။

တောင်ငူမြို့နယ်ရှိသောက်ရေခပ်ချောင်းလျှပ်စစ်ဓာတ်အားပေးစက်ရုံ ၂ အား တနင်္ဂနွေ ည ၈ နာရီမှ နောက်မနက် ၅ နာရီကျော်အထိ အမည်မသိ လက်နက်ကိုင်တပ်ဖွဲ့များက လောင်ချာများဖြင့် ပစ်ခတ်ခဲ့သေးသည်။ ည ၈ နာရီကျော်မှ မနက် ၅ နာရီကျော်ထိ တောင်ငူမြို့အရှေ့ဘက် ၁၄ မိုင်ခန့်အကွာ သောက်ရေခပ်ချောင်းပေါ်၌ တည်ရှိသော ဆောက်လက်စ လျှပ်စစ်ဓာတ်အားပေးစက်ရုံ စီမံကိန်းကို လောင်ချာများဖြင့် ပစ်ခတ်ခဲ့သေးသည်။ သောက်ရေခပ် စက်ရုံ၌ အလုပ်လုပ်နေသော တရုတ်နိုင်ငံသားများနှင့် စီမံကိန်းရှိ မြန်မာ ၁၀၀၀ ကျော်လည်း ၁၉ ရက်နေ့တွင် တောင်ငူမြို့ထဲသို့ ပြောင်းရွှေ့ခဲ့ကြသည်။

ယင်းပစ်ခတ်မှုကို မည်သည့် လက်နက်ကိုင် အဖွဲ့ကမှ ၎င်းတို့လုပ်ရပ်အဖြစ် ထုတ်မပြောသော်လည်း တောင်ငူမြို့ပေါ် အမှတ် ၁ ရဲစခန်း တာဝန်ကျ ရဲအရာရှိတဦးကမူ ကရင်အမျိုးသားအစည်းအရုံး KNU ၏ လက်ချက်ဟု ယူဆကြောင်း မဇ္ဈိမကို ပြောသည်။

ဇွန် ၂၄ ရက်တွင် နေပြည်တော်၊ မန္တလေးနှင့် ပြင်ဦးလွင်မြို့များ၌ ဗုံးများ ဆက်တိုက်ပေါက်ခဲ့ရာ လူ ၃ ဦး ဒဏ်ရာရခဲ့သည်။ ယင်းပေါက်ကွဲမှုကို လုပ်ဆောင်သည်ဆိုကာ ရဲက လူ ၃ ဦးကို ရှာဖွေနေသည်။



# သတင်းတိုထွာဖတ်စရာ

## အာဆီယံဥက္ကဌ မသေချာ

မြန်မာအစိုးရသစ်ဟာ အာဆီယံနဲ့ အဆင်ပြေအောင် လုပ်ဆောင်သင့်ကြောင်းနဲ့ နိုင်ငံတကာမိသားစုအသိုင်းအဝိုင်းနဲ့လည်း ဝင်ဆန့်နိုင်ရေးကြိုးစားလုပ်ဆောင်သင့်တယ်လို့ Derek Mitchell ကပြောဆိုပါတယ်။ မြန်မာ့အရေးကိုင်တွယ်မယ့် အမေရိကန်ထိပ်တန်းအရာရှိ Derek Mitchell က မြန်မာအစိုးရသစ်အနေနဲ့ အာဆီယံဥက္ကဌနေရာအတွက် သူ့ရဲ့လုပ်ဆောင်ချက်တွေက အဟန့်အတားဖြစ်စေလိမ့်မယ်လို့ပြောဆိုပါတယ်။ (AFP - June 29,2011)

## ဆရာစံလမ်းမပေါ်က ကော်ယို

ရန်ကုန် ဗဟန်းမြို့နယ် ဆရာစံလမ်းမပေါ်က Koryo ကော်ယိုစားသောက်ဆိုင်ဟာ အတော်ထူးဆန်းနေပါတယ်။ မြောက်ကိုရီးယားတို့က သူတို့နိုင်ငံကို ကော်ယိုလို့လည်းခေါ်ကြတယ်လို့ဆိုပါတယ်၊ ဒါကြောင့်လည်း ဒီကော်ယိုဆိုတဲ့ဆိုင်ဟာ မြောက်ကိုရီးယားက ရန်ကုန်မှာလာပြီး စားသောက်ဆိုင်ဖွင့်တဲ့ ပထမဆုံးဆိုင်ဖြစ်ပါတယ်။ သူ့နိုင်ငံသား ၁၅ ယောက်ကို ဆိုင်ဝန်ထမ်းအဖြစ်ခန့်ထားမယ်လို့သိရပါတယ်။ စစ်တပ်ကလွှတ်လိုက်တဲ့ ထောက် လှမ်းရေးတွေဖြစ်နိုင်တယ်လို့သုံးသပ်သူတွေရှိပါတယ်။ (Mizzima- June 30,2011)

## လေကြောင်းလိုင်းသစ် ပျံသန်းမည်

မြန်မာနိုင်ငံမှ ဘင်္ဂလားဒေ့ရှ်နိုင်ငံနဲ့ လေယာဉ်ကြောင်း ဆက်သွယ်ပျံသန်းလိုကြောင်း ဘင်္ဂလားဗိုလ်ချုပ်ကြီး Abdul Mubeen ကြွပ်ပြေးရောက်စဉ်သက်ဆိုင်ရာမြန်မာအရာရှိများမှ ပြောဆိုကြောင်း သတင်းကဆိုပါတယ်။ ဒါအပြင်နှစ်နိုင်ငံလမ်းပမ်းဆက်သွယ်ရေး၊ ငါးဖမ်းလုပ်ငန်းတွေနဲ့ အကြမ်းဖက်နှိမ်နင်းရေးတွေမှာ ပူပေါင်းဆောင်ရွက်ကြဖို့ သဘောတူခဲ့ကြတယ်လို့ဆိုပါတယ်။ ခရီးစဉ်အကြောင်း သမတကို အစီရင်ခံတင်ပြစဉ် အခုလို Abdul Mubeen က ပြောဆို ခဲ့တာဖြစ်တယ်လို့ဆိုပါတယ်။ (Financial Express - June 29,2011)

## လွန်စွာမှ ကြေကွဲဝမ်းနည်း အံ့ဩမိ

ရန်ကုန်လေဆိပ်မှ နေ့ချင်း ပြန်လည်ထွက်သွားဖို့ နှင်ထုတ်ခံလိုက်ရတဲ့ ဟောလီဝုဒ်ရုပ်ရှင်မင်းသမီး Michelle Yeoh က အခုလို သူ့ကို လုပ်လိုက်တဲ့အတွက် လွန်စွာမှ ကြေကွဲဝမ်းနည်း အံ့ဩမိကြောင်း မလေးရှားကို ပြန်ရောက်ရောက်ခြင်းမှာ သတင်းထောက်များကို ထုတ်ဖော်ပြောဆိုလိုက်ပါတယ်။ ဘာအကြောင်းပြချက်မှမရှိ ဥပဒေကြောင်းအရလည်း ပြောဆိုချင်းလည်းမရှိဘဲနဲ့ ပြန်နှင်ထုတ်လိုက်တာဟာ တော်တော်ကို ဆိုးဝါးတဲ့လုပ်ရပ်ဖြစ်တယ်လို့လည်း သူမက ပြောဆိုပါတယ်။ ဒီဖြစ်ရပ်လေးကြောင့်တော့ မြန်မာနိုင်ငံနဲ့ မြန်မာနိုင်ငံသူ နိုင်ငံသားတွေအပေါ်မှာထားရှိတဲ့ ချစ်ခင်သောမိတ်ကတော့ လျော့သွားမှာမဟုတ်ဘူးလို့လည်းပြောပါတယ်။ (Channel News Asia - June 29,2011)

## ဘန်ကီမွန်း မေးခွန်းထုတ်ခံ

နာမည်ကျော် ဟောလီဝုဒ်ရုပ်ရှင်မင်းသမီး Michelle Yeoh ကို ရန်ကုန်လေဆိပ်မှ ပြန်နှင်ထုတ်လိုက်တဲ့အပေါ် ကုလအထွေထွေအတွင်းရေးမှူးချုပ် Ban Ki-moon မေးခွန်းအထုတ်ခံနေရပါတယ်။ Mr.Ban ရဲ့ မြန်မာနိုင်ငံအပေါ်မှာ ကျင့်သုံးတဲ့ပေါ်လစီကို ပြန်လည်စဉ်းစားသင့်ကြောင်း အကြံပေးပြောဆိုမှုတွေရှိနေပါတယ်။ မြန်မာနိုင်ငံမှ မကြာသေးခင်ကပြန်လာတဲ့ Mr.Ban ရဲ့ အထူးသံ Vijay Nambiar ကလည်း စစ်တပ်က ကချင်တိုင်းရင်းသားတပ်ကို တိုက်ခိုက်နေတဲ့အပေါ်ဘာမှပြောဆိုခြင်းမရှိတာကိုလည်းမေးခွန်းအထုတ်ခံနေရပါတယ်။ (Inner City Press - June 29,2011)

## ဗုံးတရားခံ ဖမ်းမိဟုဆို

နေပြည်တော်၊ မန္တလေးနဲ့ မေမြို့မှာ ဗုံးပေါက်ကွဲမှုနဲ့ပတ်သက်ပြီး တရားခံသုံးဦးကို ဖမ်းဆီးလိုက်ပြီလို့အာဏာပိုင်တွေက ထုတ်ဖော်ပြောဆိုပါတယ်။ ဒီအတောအတွင်းမှာပဲ တောင်ငူမြို့မှာ နောက်ထပ်ဗုံးပေါက်ကွဲပြန်ပါတယ်။

အခုဖမ်းမိတဲ့ ဗုံးတရားခံဆိုသူတွေက ဒီဖောက်ဖို့အစီအစဉ်ကို အမေရိဒေါ်လာ ၁၂ ၅၀၀ သုံးခဲ့တယ်လို့လည်း သတင်းကဆိုပါတယ်။ အစိုးရကတော့ အခုလိုဗုံးဖောက်နေတာတွေဟာ ကချင်လက်နက်ကိုင်တပ်ဖွဲ့ဝင်တွေရဲ့ လက်ချက်ဖြစ်နိုင်တယ်လို့စွပ်စွဲထားပါတယ်။ (AP - June 29,2011)

## တောင်ငူ ဗုံး အားပြင်း

မြန်မာပြည်အလယ်ပိုင်း တောင်ငူမြို့အတွင်း ရန်ကုန် မန္တလေး အဝေးပြေးလမ်းမကြီးဘေးရှိ အားကစားကွင်းအနီးမှာ အားပြင်းတဲ့ ဗုံးတလုံးထပ်ပေါက်ကွဲပြန်ပါပြီ။ ထိခိုက်ဒဏ်ရာရရှိမှုတွေမရှိဘူးလို့ဆိုပါတယ်။ အခုလို ပြည်တွင်း မြို့အတော်များများမှာ ဗုံးတွေ ဆက်တိုက်ဆိုသလို ပေါက်ကွဲနေတာဟာ အာဏာပိုင်များအပေါ် ပြည်သူလူထုက သံသယဝင်နေကြပါတယ်။ ပြည်တွင်း မငြိမ်သက်မှုကို ဖန်တီးနေသလိုဖြစ်နေတယ်လို့ ပြည်တွင်းဝေဖန်သူတွေက အာဏာပိုင်များကို သံသယဖြစ်နေကြပါတယ်။ (The Canadian Press - June 29,2011)

## အစိုးရသစ် စိုးရိမ်စိတ်တွေ ပေါ်လွင်လာ

သမတဦးသိန်းစိန်အစိုးရက လူထုခေါင်းဆောင်ဒေါ်အောင်ဆန်းစုကြည်ကို နိုင်ငံရေးကနေ ဝေးဝေးနေဖို့ သတိပေးလိုက်ပါတယ်။ မကြာခင်အချိန်မှာ ပြည်တွင်းခရီးစဉ်တွေစတင်ထွက်တော့မယ်လို့ ဒေါ်အောင်ဆန်းစုကြည် ပြောဆိုအပြီးမှာ အခုလို သတိပေးသံတွေ ထွက်လာတာဖြစ်ပါတယ်။

၂၀၀၃ ခုနှစ် အထက်ဗမာပြည်ခရီးစဉ်အတွင်း ဒီပဲယင်းမှာ စစ်အစိုးရရဲ့ ရည်ရွယ်ချက်ရှိရှိ လုပ်ကြံသတ်ဖြတ်ခြင်းကို ခံခဲ့ရပါတယ်။ အခုလည်း ခရီးထွက်မယ်လို့ ပြောဆိုပြီးနောက်ပိုင်း ပြည်တွင်း မြို့အတော်များများမှာ ဗုံးတွေ ဆက်တိုက်ပေါက်ကွဲနေတာဟာ ဒေါ်အောင်ဆန်းစုကြည်ရဲ့ အခု ခရီးစဉ်အတွက် စိုးရိမ်စရာတွေဖြစ်နေပါတယ်။ (Rangoon -AFP - June 29,2011)

# အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကို ဦးသိန်းစိန်အစိုးရ သတိပေး

**VOA ၊ ၂၅ ၂၉ ။** ။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD)ပါတီဟာ တရားဝင် နိုင်ငံရေးပါတီတခု မဟုတ်တော့တာကြောင့် နိုင်ငံရေးလှုပ်ရှားမှုတွေကိုရပ်ဖို့ မြန်မာအစိုးရသစ်က သတိပေးလိုက်ပါတယ်။ ဒီလိုသတိပေးချက်နဲ့ ပတ်သက်ပြီးတော့ NLD ကသူတို့ပါတီဟာ တရားဥပဒေနဲ့အညီ ရပ်တည်နေတဲ့ပါတီဖြစ်တဲ့အတွက် ဒီသတိပေးချက်ကို ထုတ်ပြန်ခဲ့တဲ့ ပြည်ထဲရေးဝန်ကြီးနဲ့တွေ့ဆုံလိုတယ်လို့ တုံ့ပြန်လိုက်ပါတယ်။ အပြည့်အစုံကို ဗွီအိုအေ ထိုင်းနိုင်ငံအခြေစိုက် သတင်းထောက် ကိုကျော်ထင်က တင်ပြပေး ထားပါတယ်။

ပြည်ထဲရေးဝန်ကြီးရဲ့ NLD အပေါ် သဘောထားကို ဦးအောင်ရွှေနဲ့ ဒေါ်အောင်ဆန်းစုကြည်တို့ထံ လိပ်မူပြီး မနေ့က ပေးပို့လိုက်တယ်လို့ ဒီကနေ့ထုတ်သတင်းစာတွေမှာ ဖော်ပြလာတာပါ။ တပြိုင်နက်တည်းဖော်ပြတဲ့ အစိုးရအာဘော် ဆောင်းပါးမှာတော့ တရားဝင်ပါတီအနေနဲ့ ရပ်တည်ချင်ရင် တည်ဆဲဥပဒေအရ ရွေးကောက်ပွဲကော်မရှင်မှာ မှတ်ပုံတင်ဖို့ လိုတယ်လို့ ပါရှိပါတယ်။

NLD ဟာ စစ်အစိုးရဟောင်း ထုတ်ပြန်ခဲ့တဲ့ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း ဥပဒေအရ မှတ်ပုံမတင်ခဲ့တာကြောင့် တရားဝင်ပါတီအဖြစ်မှ ပျက်ပြယ်သွားပြီလို့လည်း အကြောင်းကြားစာက ဆိုပါတယ်။

ဒါပေမဲ့ ပြည်ထဲရေးဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ကိုကိုထံ လိပ်မူပြီး ဒီကနေ့ပေးပို့တဲ့ NLD ရဲ့ အကြောင်းပြန်စာမှာ NLD ဟာ စစ်အစိုးရဟောင်းတွေ ချမှတ်ထားတဲ့ဥပဒေနဲ့အညီ တရားဝင်ပါတီတ ခုအနေနဲ့ရပ်တည်နေကြောင်း ပါရှိပါတယ်။ NLD ပြောခွင့်ရသူ ဦးအုံးကြိုင်က ဒီကနေ့ ပေးပို့တဲ့စာနဲ့ပတ်သက်လို့ အခုလို ပြောပါတယ်။

"ဟုတ်ပါတယ်၊ ဥပဒေပြဋ္ဌာန်းချက်တွေကို တဘက်နဲ့တဘက်အမြင်ပေါ့ဗျာ၊ သူ့အမြင်၊ ကိုယ့်အမြင် ကွဲလွဲနေတယ်ဆိုရင်လည်း ဒီဟာကို အခြေခံပြီးတော့ တရားဥပဒေ စိုးမိုးရေးအတွက် ညှိနှိုင်းလိုပါတယ်၊ စီစဉ်ပေးပါလို့ မေတ္တာရပ်ခံထားပါတယ်။"

၂၀၁၀ နိုဝင်ဘာလမှာ NLD ဘက်က သီးခြားသက်သာခွင့် အက်ဥပဒေအရ ပါတီဖျက်သိမ်းတာ တရားမဝင်ကြောင်း တရားရုံးချုပ်သို့ လျှောက်လဲခဲ့ပေမဲ့ ပယ်ချခံခဲ့ရပါတယ်။ ဒါကြောင့်ပဲ ပါတီဆက်လက်ရပ်တည်ရေးအတွက် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးကော်မရှင်ကို တိုင်ကြားထားတာကိုလည်း ဆက်လက်လုပ်ကိုင်ဆဲလို့ ဦးအုံးကြိုင်က ဆက်ပြောပါတယ်။

"ကျနော်တို့ရဲ့ တရားဝင် ဆက်လက်ရပ်တည်ခွင့်ဟာ တရားဥပဒေနဲ့ညီတယ်။ အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး စံချိန်စံညွှန်းတွေနဲ့ကိုက်ညီတယ်ဆိုတာကလည်း ကျနော်တို့ Proof လုပ်ဖို့ အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးကော်မရှင်ကို တင်ပို့ထားတာကလည်း စီစဉ်ဆောင်ရွက်နေဆဲ ဖြစ်ပါတယ်။"

၉၀ ရွေးကောက်ပွဲအနိုင်ရ ပါတီတွေနဲ့ ဖွဲ့စည်းထားတဲ့ CRPP ပြည်သူ့လွှတ်တော်ကိုယ်စားပြု ကော်မတီ အတွင်းရေးမှူး ဦးအေးသာအောင်က NLD အပေါ် အခုလိုအကြောင်းကြားလာတာဟာအမျိုးသားရင်ကြားစေ့ရေးကို အဟန့်အတားဖြစ်စေတယ်လို့သုံးသပ်ပါတယ်။

"အခုဆို စာနဲ့ပေနဲ့ ဦးအောင်ရွှေ၊ ဒေါ်အောင်ဆန်းစုကြည်ကို အကြောင်းကြားလာတယ်ဆိုတော့ လက်ရှိနိုင်ငံရေးအရ ဆိုရင်လည်း NLD အနေနဲ့ လုပ်သင့်လုပ်ထိုက်တာကို ဆက်လုပ်မယ်ဆိုတော့ ရှေ့ဆက်ပြီး တိုင်းပြည်အတွက်၊ အမျိုးသားပြန်လည်သင့်မြတ်ရေးအတွက် ဒါဟာမကောင်းတဲ့လက္ခဏာ တခုပဲလို့ ကျနော်မြင်ပါတယ်။"

အရင်စစ်အစိုးရဟောင်းဟာ NLD ပါတီဝင်တွေကို နှုတ်ထွက်အောင် နည်းမျိုးစုံနဲ့ အနှောင့်အယှက်ပေးတာတွေ၊ ဖမ်းဆီးထောင်ချတာတွေ ရှိခဲ့ပါတယ်။ အစိုးရဟောင်းဟာ ၁၉၉၇-၉၈ လောက်ကစပြီး တပြည်လုံးအတိုင်းအတာနဲ့ NLD ဆိုင်းဘုတ်တွေကို ဖြုတ်ချခဲ့ပါတယ်။ ၂၀၀၃ ဒီပဲယင်းအရေးအခင်း အပြီးမှာ NLD ဗဟိုနဲ့ တိုင်းရုံးတွေမှအပ နယ်ရုံးတွေရဲ့ ဆိုင်းဘုတ်တွေကို ဖြုတ်ချခဲ့ပြီး ပြီးခဲ့တဲ့နှစ်ကမှ နယ်မြို့တချို့မှာ ဆိုင်းဘုတ်ပြန်တင်လာပါတယ်။

အခုလို NLD ကို သတိပေးလာတာဟာ နောက်လထဲမှာ စတင်မယ့် ဒေါ်အောင်ဆန်းစုကြည်ရဲ့ နည်းလှည့်ခရီးစဉ် မတိုင်ခင်ဖြစ်ပါတယ်။ ဒီခရီးစဉ်တွေထဲဒေါ်အောင်ဆန်းစုကြည်ရဲ့ လုံခြုံရေးနဲ့ပတ်သက်လို့လည်း နိုင်ငံတကာက စိုးရိမ်မကင်းဖြစ်နေကြပါတယ်။

---

# မူဆယ်ဈေးဆိုင်ခန်း ၂၈ ခန်း မီးလောင်

**RFA ၊ ၂၅ ၂၈ ။** ။ တရုပ်-မြန်မာနယ်စပ် မူဆယ်မြို့ ဈေးအတွင်း ဒီကနေ့ မနက်က လောင်ကျွမ်းခဲ့တဲ့ မီးကြောင့် ဆိုင်ခန်းပေါင်း ၂၈ ခန်း မီးထဲ ပါသွားတယ်လို့ မူဆယ်မြို့ခံတွေက ပြောပါတယ်။

ဈေးမီးဟာ မနက်လင်းအားကြီး ၆ နာရီလောက်က စလောင်တာဖြစ်ပြီး မနက် ၈ နာရီမှာ မီးကို ငြိမ်းသတ်နိုင်ခဲ့တယ်လို့ သိရပါတယ်။ မူဆယ်မြို့ခံတဦးက အခုလိုပြောပါတယ်။

"မွေ့ရာဆိုင်မှာထားတဲ့ မွေ့ရာတွေ အထပ်လိုက်ဆိုတော့မီးက တော်တော်လေးများသွားတယ်။ မွေ့ယာဆိုင်ရယ် ရွှေဆိုင်ရယ်အားလုံး ဆိုင်ခန်းပေါင်း ၂၈ ခန်း။ ဈေးတော့ ဒီနေ့ပိတ်ထားတယ်။ မီးသတ်တွေရော၊ သက်ဆိုင်ရာအာဏာပိုင်တွေရော အားလုံးလာတော့ ငြိမ်းကြတယ်။ အကြောင်းရင်းကိုတော့ စုံစမ်းစစ်ဆေးနေတုံးဘဲ။"

လောင်ကျွမ်းတဲ့ မီးဟာ ဝါယာရှော့ ဖြစ်ရာက လောင်ကျွမ်းတာ ဖြစ်နိုင်တယ်လို့ယူဆကြပေမဲ့ အတိအကျ မသိရသေးဘူးလို့ ဆိုပါတယ်။ မီးလောင်တာနဲ့ပတ်သက်ပြီး ဈေးသူဈေးသားတွေ ပြောဆိုနေတာတော့ ဈေးအတွင်း ဝါယာကြိုးလိုင်းတွေကို မနှစ်ကမှ ပြုလုပ်ထားတာဖြစ်ပေမဲ့ သပ်ယပ်မှု မရှိတာကြောင့် ဝါယာရှော့ ဖြစ်တာလို့ ဝေဖန်နေပါတယ်။

လောင်ကျွမ်းသွားတဲ့ ဆိုင်တွေအပြင် မွေ့ယာဆိုင်နှင့် ရွှေဆိုင်တွေရဲ့ သိုလှောင်ရုံတွေပါ မီးထဲ ပါသွားပါတယ်။ မူဆယ်ဆေးရုံကို မေးမြန်းချက်အရ ဒီမီးလောင်ကျွမ်းမှုကြောင့် လူထိခိုက်ဒဏ်ရာရရှိတာ မရှိဘူးလို့ သိရပါတယ်။

မူဆယ်မြို့မှာ ပြီးခဲ့တဲ့ အပတ်ကလည်း မြို့ဧည့်ရိပ်သာ ရှေ့မှာ ဗုံးကွဲမှု ဖြစ်ခဲ့တယ်လို့ သိရပါတယ်။ ဒီဗုံးကွဲမှုမှာလည်း တရားခံကို ဖမ်းမိသေးခြင်း မရှိသေးပါဘူး။

**ပြက္ခဒိန်မှ**

**ဂျွန် ၃၀ | Mizzima ။ ။** မွန်ပြည်နယ်ရေးနှင့်သံဖြူဇရပ်ကားလမ်းတွင် လက်နက်ကိုင်လူ၂၀ ခန့်သည် ဘတ်စကား ၂ စီးအားမီးရှို့၍ ယဉ်မောင်းနှင့် စပယ်ယာ ၆ ဦး အား ဓားစာခံခေါ်သွား၏။

**ဂျွန် ၃၀ | Mizzima ။ ။** ကျန်းမာရေးပြန်ကောင်းလာ၍ ဦးဝင်းတင်သည် အဲန်အဲလ်ဒီရုံးသို့ လာခဲ့ကြောင်း။

**ဂျွန် ၃၀ | AsianNews.Itizzima ။ ။** မိမိသည် နိုင်ငံရေးဆိုင်ရာလုပ်သင့်သည်များကို ဆက်လက်လုပ်ဆောင်သွားမည်ဟု ဒေါ်အောင်ဆန်းစုကြည်မှ ဆို၏။

**ဂျွန် ၃၀ | SHAN ။ ။** တရုတ်ပြည်ဖက် ဆွေးနွေးပွဲမှပြန်လာသော တန့်ယန်ဒေသ၏ နအဖကွန်မန်ဒါအား အမည်မသိအဖွဲ့မှ ခြုံခိုတိုက်ခဲ့ကြောင်း။

**ဂျွန် ၃၀ | LONDON ။ ။** စစ်အစိုးရကြိုးကိုင်သော မြန်မာအစိုးရ၏ ဒေါ်အောင်ဆန်းစုကြည်အား နိုင်ငံရေးတွင် မပါဝင်ရန် ရာဇသံပေးခြင်းသည် နိုင်ငံပြန်လည်သင့်မြတ်ရေးနှင့် ဆန့်ကျင်ကြောင်းနှင့် ထိုပြောဆိုမှုများအတွက် ဗြိတိန်မှ မြန်မာအစိုးရအား ပစ်တင်ဝေဖန်၏။

**ဂျွန် ၃၀ | Rtrs ။ ။** ဒေါ်အောင်ဆန်းစုကြည်သည် သားကင်းမ်နှင့် အတူ ပုဂံသို့ဘုရားဖူးသွားမည်။

**ဂျွန် ၃၀ | Asia Times Online ။ ။** မြန်မာနိုင်ငံတွင်လည်း အရှေ့အလယ်ပိုင်းနှင့် အာရပ်နိုင်ငံများတွင်ဖြစ်နေသော လူထုတော်လှန်ရေးမျိုး အောင်စေလိုကြောင်း ဒေါ်အောင်ဆန်းစုကြည်ပြောဆိုသည့်နေ့တွင်ပင် အစိုးရသည် ဒေါ်အောင်ဆန်းစုကြည်နှင့် အဲန်အဲလ်ဒီတို့အား နိုင်ငံရေးလှုပ်ရှားမှုများရပ်ရန် ထပ်မံသတိပေး၏။

**ဂျွန် ၃၀ | UPI ။ ။** မြန်မာ၏အာဏာရှင်သစ်သိန်းစိန်သည် ဒီမိုကရေစီနှင့်နိုင်ငံရေးပြောင်းလဲမှုလှုပ်ရှားသူများအပေါ်ပို၍ ပင်ချုပ်ချယ်သူဖြစ်ရာ မြန်မာအစိုးရသည် နိုင်ငံရေးပြောင်းလဲမှုပြုရန် အရိပ်အရောင်ပိုနည်းလာကြောင်း။

**ဂျွန် ၃၀ | Khaleej Times ။ ။** မြန်မာပြည်တွင်း ပုံးပေါက်ကွဲမှုများကို မြန်မာအစိုးသစ်သည် ဒေါ်အောင်ဆန်းစုကြည်၏ ခရီးစဉ်၊ အဲန်အဲလဒီနှင့် နိုင်ငံရေးလှုပ်ရှားသူများအား ဖိနှိပ်ချုပ်ချယ်ရန် သုံးဖွယ်ရှိကြောင်း S-Suresh Pattali မှ သတင်းဝေဖန်၏။

**ဂျွန် ၃၀ | CNN ။ ။** ဂျွန် ၂၂ တွင် မင်းသမီး Michelle Yeoh အား မြန်မာသို့ ဝင်ခွင့်မပေး ရန်ကုန်လေဆိပ်မှ ပြန်ပို့လိုက်၏။

**ဂျွန် ၃၀ | Times of India ။ ။** တရုတ်မှမြန်မာသို့ တရားမဝင်သံသရဖြစ်ဖွယ်ပစ္စည်းများပို့နေခြင်း၊ အထူးသဖြင့် မြောက်ကိုးရီးယားနှင့်ဆက်သွယ်ကူးသန်းရောင်းဝယ်ပို့ဆောင်မှုများကို အမေရိကန်မှ စောက်ချကြည့်စစ်ဆေးရန် အိန္ဒိယမှ တိုက်တွန်း၏။

**ဂျွန် ၃၀ | Irrawaddy ။** တိုင်းနှင့်ပြည်နယ်နှင့်ဒေသဆိုင်ရာအစိုးရများစွာကို နေပြည်တော်မှ တိုက်ရိုက်အုပ်ချုပ်တော့မည်ဖြစ်ကြောင်း အရေးပေါ်အစည်းအဝေးများလုပ်နေကြောင်း ။

**ဂျွန် ၃၀ | Kyodo/ DVB ။ ။** ဂျပန်လက်ထောက်နိုင်ငံခြားရေးဝန်ကြီး Makikio Kikuta သည် မြန်မာသို့ရောက်စဉ် ဒေါ်အောင်ဆန်းစုကြည်နှင့် တွေ့ဆုံစဉ် နိုင်ငံရေးအကျဉ်းသား၊ ဂျပန် လျော်လျှင့်ဆုနာမီကပ်များအကြောင်း ပြောခဲ့၏။

**ဂျွန် ၃၀ | Mizzima ။ ။** ငြိမ်းချမ်းရေးအတွက် ဆွေးနွေးရန် ကချင်ပြည်နယ်ဝန်ကြီးချုပ် Lajun Ngum Sai မှ ညှိပေးမည့်သူကို ရှာဖွေရွေးချယ်ခဲ့၏။ လဂျာရန်တွင် ယနေ့ဆွေးနွေးဖွယ်ရှိ၏။

**ဂျွန် ၃၀ | MANDALAY ။ ။** မန္တလေးချမ်းမြသာစည် ကျောင်းတကျောင်းတွင် ပုံးတွေ့သည် ဆိုသည့်သတင်းကြောင့် မိဘပြည်သူများ စိတ်ပူခဲ့ရကြောင်း။

**ဂျူလိုင် ၁ | DVB ။ ။** ပြည်နယ်များစွာတွင် တိုက်ပွဲများ ကျယ်ပြန့်လာ၍ အထူးစိုးရိမ်ကြောင်း စီအာပီပီမှဆို၏။

**ဂျူလိုင် ၁ | DVB ။ ။** ကချင်ပြည်နယ်အစိုးရ ကိုယ်စားလှယ်အဖွဲ့ သည် ကချင်လွတ်လပ်ရေးတပ်မတော် ကိုယ်စားလှယ်အဖွဲ့နှင့် ဂျွန် ၃၀ တွင် ပြဿနာများကို စစ်ရေးအစား နိုင်ငံရေးနည်းဖြင့် ဖြေရှင်းရေး ဆွေးနွေးခဲ့၏။

**ဂျူလိုင် ၁ | DVB ။ ။** ကယန်းပြည်နယ် ဒုကဥက္ကဌ ဗိုလ်မှူးကြီး အိုက်ဒေါင်း(၅၁)သည် အသဲရောဂါဖြင့် ယနေ့ ဒီမောဆိုးမြို့နယ်တွင် ကွယ်လွန်ခဲ့၏။

**ဂျူလိုင် ၁ | DVB ။ ။** ကယားပြည်နယ် ရှားတောမြို့နယ်အခြေစိုက် ခမရ ၅၇၅ သည် ဒေသခံများအား စစ်တပ်အတွက် ရိက္ခာများသယ်ခိုင်းကြောင်း။

**ဂျူလိုင် ၁ | DVB ။ ။** ကချင်ပြည်နယ်အပါအဝင်တိုင်းရင်းလက်နကိုင်အဖွဲ့များနှင့် တိုက်ပွဲဖြစ်နေမှုများကိုရပ်ဆိုင်းရန် ဒေါ်အောင်ဆန်းစုကြည်မှ တိုက်တွန်း၏။

**ဂျူလိုင် ၁ | Brisbane Times ။ ။** ဩစတြေးလျားဝေန်ကြီး Kevin Rudd မြန်မာခရီးစဉ်သည် ဒေါ်အောင်ဆန်းစုကြည်အား အစိုးရမှ ပိတ်ပင်တားဆီးမှုများကြောင့် ခနီးခနောင့်ဖြစ်နိုင်ကြောင်း။

---

# အာရပ်အုံကြွမှုနှင့် မြန်မာအရေးဒေါ်စု နှိုင်းယှဉ်ဆွေးနွေး

**VOA | ဂျွန် ၂၈ ။ ။** မြန်မာနိုင်ငံကဒီမိုကရေစီအရေးလှုပ်ရှားမှုတွေနဲ့ Arab Spring လို့ ခေါ်တဲ့ အာရပ်ကမ္ဘာက ဒီမိုကရေစီအရေး တောင်းဆိုလှုပ်ရှားမှုတွေကို နှိုင်းယှဉ်ပြီး ဘီဘီစီ ရုပ်မြင်သံကြားဌာနက အင်္ဂါနေ့မှာ ထုတ်လွှင့်တဲ့ ဆွေးနွေး ဟောပြောမှု အစီအစဉ်မှာ မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်က ပြောကြားခဲ့ပါတယ်။

မြန်မာနိုင်ငံအတွင်းမှာ ရိုက်ကူးခဲ့ပြီး ပြည်ပကို တိတ်တဆိတ်သယ်ဆောင်လာခဲ့တဲ့ ဒေါ်အောင်ဆန်းစုကြည်ရဲ့ အဲဒီ ဆွေးနွေးခန်းကို အပိုင်း ၂ ပိုင်းခွဲပြီး ပြသမှာဖြစ်ပါတယ်။ အခု အပိုင်း ၁ ကိုတော့ စတူဒီယို ခန်းမထဲမှာ ပရိသတ်တွေကို အင်္ဂါနေ့က ပြသခဲ့တာဖြစ်ပြီး ဒုတိယအပိုင်းကိုတော့ လာမယ့် ဇူလိုင်လ ၅ ရက်နေ့မှာ ပြသမှာပါ။

တူနီးရှားနိုင်ငံမှာ သမ္မတပါရာထူးက နှုတ်ထွက်ပေးခဲ့ရတဲ့ဆူပူအုံကြွမှုတွေ ဖြစ်ပေါ်လာအောင် မိမိအသက်ကို စတေးလိုက်တဲ့ လမ်းဘေးဈေးသည်လေးနဲ့ ၁၉၈၈ ခုနှစ်တုန်းက ဒီမိုကရေစီ လှုပ်ရှားမှုအတွင်း အသက်ပေးဆပ်ခဲ့ကြတဲ့ မြန်မာနိုင်ငံက ကျောင်းသားလူငယ်တွေရဲ့ အခြေအနေတွေကို နှိုင်းယှဉ်ပြီး Liberty လွတ်မြောက်မှုလို့ အမည်ပေးထားတဲ့ မိန့်ခွန်းအတွင်း Securing Freedom လွတ်လပ်မှုကို ရယူခြင်းဆိုတဲ့ အမည်နဲ့ ဒေါ်အောင်ဆန်းကြည်က အပိုင်း ၁ ကို ဟောပြောခဲ့တာပါ။

အရှေ့အလယ်ပိုင်းက ဒီမိုကရေစီအရေး တောင်းဆို လှုပ်ရှားမှုတွေဟာ မြန်မာနိုင်ငံအတွက် စိတ်ဓာတ်တက်ကြွစရာကောင်းပြီး တူနီးရှားနဲ့ အီဂျစ်တို့မှာ အသွင်ကူးပြောင်းမှုတွေ မြန်မြန်ဆန်ဆန်ဖြစ်ပေါ်ခဲ့တဲ့အပေါ် မြန်မာနိုင်ငံသားတွေအနေနဲ့ အားကျမိပါတယ်လို့ အဲဒီ ဆွေးနွေးဟောပြောမှုအတွင်း ဒေါ်အောင်ဆန်းစုကြည်က ထည့်သွင်းပြောကြားခဲ့ပါတယ်။ ဒီဆွေးနွေး ဟောပြောမှုဟာဘီဘီစီက ထုတ်လွှင့်တဲ့ ကမ္ဘာကျော် Reith Lectures အစီအစဉ်မှာ ထုတ်လွှင့်ခဲ့တာဖြစ်ပါတယ်။

# တိုင်းရင်းသား စည်းလုံးညီညွတ်ရေးအတွက် လူ့အခွင့်အရေး အဓိက ကျ

**VOA । ဂျွန် ၃၀ ။** ။ မြန်မာနိုင်ငံဟာ တိုင်းရင်းသား လူမျိုးပေါင်းစုံနေထိုင်တဲ့ နိုင်ငံတခုဖြစ်တာကြောင့် မိမိတို့အားလုံးတညီတညွတ်တည်းရှိစေဖို့ လူ့အခွင့်အရေးဟာ ကြီးမားတဲ့ ညီညွတ်ရေး အကြောင်းတရားတခုဖြစ်ပါတယ်လို့ ဒီမိုကရေစီခေါင်းဆောင်ဒေါ်အောင်ဆန်းစုကြည်ကပြောဆိုလိုက်ပါတယ်။ ဒ့ါအပြင်ဒီမိုကရေစီဟာ တဦးတယောက်တဖွဲ့ တပါတီထဲကို အကျိုးရှိစေတာ မဟုတ်ဘဲ စစ်ဘက် အရပ်ဘက်အားလုံးအတွက် အကျိုးရှိတဲ့စနစ် ဖြစ်ပါတယ်လို့လည်း ပြောပါတယ်။ လစ်သူယေးနီးယားနိုင်ငံ၊ ဗီးလ်နပ်စ်မြို့တော်မှာ ကျင်းပမယ့် ဒီမိုကရေစီနိုင်ငံများ အသိုက်အဝန်းရဲ့ ဝန်ကြီးအဆင့် အစည်းအဝေးကိုဗွီဒီယိုနဲ့ ပေးပို့တဲ့မိန့်ခွန်းထဲမှာ ဒေါ်အောင်ဆန်းစုကြည်က အဲဒီလိုပြောထားတာပါ။ အပြည့်အစုံကို ကိုကျော်ကျော်သိန်းက တင်ပြပေးထားပါတယ်။

ဒီမိုကရေစီဆိုတာ အစိုးရစနစ် တရပ်သာ မဟုတ်ဘဲ လူသားရဲ့ ဂုဏ်သိက္ခာကို မပျက်မယွင်းအောင် ထိန်းသိမ်းစောင့်ရှောက် ပေးတဲ့ နည်းလမ်းတခုဖြစ်ပါတယ်လို့ ဒီမိုကရေစီခေါင်းဆောင်ဒေါ်အောင်ဆန်းစုကြည်က ပြောပါတယ်။ ဘာ့ကြောင့် လဲဆို တော့ ဒီမိုကရေစီကိုလူ့အခွင့်အရေးနဲ့ ခွဲခြားလို့မရနိုင်ဘဲ တကမ္ဘာလုံးက လူပေါင်းများစွာနဲ့နိုင်ငံပေါင်းများစွာမှာလိုပဲ အခြေခံ လူ့အခွင့်အရေးတွေဟာ မြန်မာနိုင်ငံမှာလည်း အင်မတန်အရေးကြီးပါတယ်လို့ပြောပါတယ်။

မြန်မာနိုင်ငံဟာ တိုင်းရင်းသား လူမျိုးပေါင်းစုံ နေထိုင်ကြတဲ့ နိုင်ငံတခု ဖြစ်တာကြောင့် မိမိတို့အားလုံး ညီညွတ်စေဖို့ တစုံတခု လိုအပ်ပါတယ်လို့ဒေါ်အောင်ဆန်းစုကြည်ကပြောပြီးလူ့အခွင့်အရေးရဲ့ အရေးပါတဲ့ အခန်းကဏ္ဍကို မီးမောင်းထိုး ပြောဆိုခဲ့ပါတယ်။

"လူ့အခွင့်အရေးဟာ ကြီးမားတဲ့ ညီညွတ်ရေး အကြောင်းတရား တခုဖြစ်ပါတယ်။ အားကောင်းပြီး တည်ငြိမ်တဲ့ မြန်မာနိုင်ငံဖြစ်စေဖို့ အတွက် ဘယ်လို အာဏာရှင်အစိုးရ အမျိုးအစားထက်မဆို လူ့အခွင့်အရေးပေါ်မှာ အခြေခံတဲ့ ဒီမိုကရေစီတန်ဖိုးတွေက ပိုပြီး လုပ်ဆောင်နိုင်ပါတယ်။"

ဒီအချက်ကြောင့် မိမိတို့ရဲ့ ရည်မှန်းချက် ပန်းတိုင်ကိုရောက်ဖို့ အတွက် ကမ္ဘာကြီးက ဝိုင်းပြီးကူညီဖို့ ဒေါ်အောင်ဆန်းစုကြည်က ပန်ကြားခဲ့ပါတယ်။ အဓိက လုပ်ရမှာက မိမိတို့ကိုယ်တိုင် ဖြစ်တယ်ဆိုတာ သိပေမဲ့ မိမိတို့မခံစားရတဲ့ အခွင့်အရေးတွေကို ခံစားခွင့်ရနေတဲ့ရေခြားမြေခြားက မိတ်ဆွေတွေဟာ မိမိတို့ရဲ့တိုးတက်မှု၊ မိမိတို့ရဲ့ အောင်မြင်မှုအတွက် အများကြီး လုပ်ဆောင်ပေးနိုင်ပါတယ်လို့ဆိုပါတယ်။ အောင်မြင်မှုရမယ်ဆိုတာ မိမိတို့ သံသယမရှိပေမဲ့ မြန်မြန်ရလေမိမိတို့အားလုံးအတွက် ပိုကောင်းလေဖြစ်ပါတယ်လို့ ဒေါ်အောင်ဆန်းစုကြည်က ပြောပါတယ်။

"အားလုံးအတွက်လို့ ကျမပြောတဲ့နေရာမှာ ဒီမိုကရေစီရဖို့ရုန်းကန်တိုက်ပွဲဝင်နေတဲ့ ကျမတို့အတွက်တင် ဆိုလိုတာမဟုတ်ဘဲ စစ်အစိုးရလည်းပါဝင်ပါတယ်။ ဒီမိုကရေစီဟာ အရပ်သားတွေအတွက်သာမက စစ်တပ်အတွက်၊ နိုင်ငံရေးပါတီတွေအတွက်သာမက စစ်ဘက်အတွက်လည်း ကောင်းမွန်တဲ့စနစ်ဖြစ်ပါတယ်ဆိုတာ ကျမတို့ ယုံကြည်ပါတယ်။"

ဒီမိုကရေစီနိုင်ငံများ အသိုက်အဝန်း ဝန်ကြီးအဆင့် အစည်းအဝေးဆီကို ပေးပို့တဲ့ မိန့်ခွန်းထဲမှာ ဒေါ်အောင်ဆန်းစုကြည် ပြောထားတာ ဖြစ်ပါတယ်။

ဇွန်လ ၃၀ ရက်၊ ကြာသပတေးနေ့တုန်းကတော့ အစည်းအဝေးတက်ဖို့ လစ်သူယေးနီးယားနိုင်ငံကိုရောက်နေတဲ့ အမေရိကန်နိုင်ငံခြားရေးဝန်ကြီး Hillary Clinton နဲ့ လစ်သူယေးနီးယား နိုင်ငံခြားရေးဝန်ကြီး Audronius Azubalis တို့ဟာ အရပ်ဘက် လူမှုအဖွဲ့အစည်းတွေက ကိုယ်စားလှယ်တွေနဲ့တွေ့ဆုံပြီး တင်ပြပြောဆိုချက်တွေကိုနားထောင်ခဲ့ကြပါတယ်။

အဲဒီတွေ့ဆုံပွဲမှာ မြန်မာ့အရေး ပူးပေါင်းဆောင်ရွက်မှု အဖွဲ့က မခင်ဥမ္မာလည်း တက်ရောက်ခဲ့ပြီး မြန်မာနိုင်ငံနဲ့ ပတ်သက်တာတွေကို တင်ပြတောင်းဆိုခဲ့ပါတယ်။ ရွေးကောက်ပွဲပြီး ကာလမှာ မြန်မာစစ်တပ်က လူမျိုးစုတိုင်းရင်းသား လက်နက်ကိုင်တွေကို တိုက်ခိုက်နေတဲ့အခြေအနေနဲ့ပြည်ထဲရေးဝန်ကြီးဌာနက အမျိုးသား ဒီမိုကရေစီအဖွဲ့ ချုပ်ကို သတိပေး ခြိမ်းခြောက်စာပေးပို့ခဲ့တဲ့ ကိစ္စတွေကို အဓိကပြောခဲ့တယ်လို့ မခင်ဥမ္မာက ဗွီအိုအေကို ပြောပါတယ်။

"အမေရိကားအနေနဲ့ နယ်စပ်ဖြတ်ပြီးတော့မှ လူသားချင်းစာနာထောက်ထားတဲ့ အကူအညီတွေနဲ့ ဒီမိုကရေစီ မြှင့်တင်ရေးအတွက် ဒီမိုကရေစီလှုပ်ရှားနေတဲ့သူတွေကို သူတို့ဘက်ကနေထောက်ပံ့မှုတွေပိုပြီးပေးဖို့၊ လူ့အခွင့်အရေးချိုးဖောက်မှုတွေကို စုံစမ်းဖို့အတွက်စုံစမ်းစစ်ဆေးရေးကော်မရှင်တခုဖွဲ့ဖြစ်ဖို့အတွက်ကို သူတို့အနေနဲ့ အဓိကထားပြီး လုပ်ဆောင်ပေးဖို့၊ တရုတ်နဲ့ ထိုင်းနိုင်ငံကနေပြီးတော့ စစ်ကြောင့်ထွက်ပြေးလာရတဲ့ မြန်မာနိုင်ငံက ဒုက္ခသည် ပြည်သူတွေကို ပြန်ပို့တာမျိုးတွေမလုပ်ဘဲ ကာကွယ်စောင့်ရှောက်မှုနဲ့ လူသားချင်းစာနာထောက်ထားတဲ့ အကူအညီတွေပေးဖို့၊ ပြီးတော့ စစ်အုပ်စုအပေါ်မှာ ဆက်ပြီးတော့ ဖိအားပေးမှုတွေလုပ်ဖို့ ဆိုပြီးတော့ ကျမတို့ သူတို့ကို အဲဒီမှာပဲ တခါတည်း တင်ပြတောင်းဆိုခဲ့တယ်။"

ဒီမိုကရေစီနိုင်ငံများ အသိုက်အဝန်းကို ၂၀၀၀ ပြည့်နှစ်၊ဇွန်လက စတင်ထူထောင်ခဲ့တာဖြစ်ပြီး လွတ်လပ် တရားမျှတတဲ့ရွေးကောက်ပွဲတွေ၊ လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်၊ ပညာရေးတန်းတူညီမျှရရှိခွင့်၊ တရားဥပဒေစိုးမိုးရေးနဲ့ ငြိမ်းချမ်းစွာစုဝေးမှုဆိုင်ရာ လွတ်လပ်ခွင့်တွေ အပါအဝင် အခြေခံဒီမိုကရေစီ သဘောတရားတွေနဲ့ ကျင့်ထုံးတွေကို လေးစားလိုက်နာကြမယ်လို့ သဘောတူတဲ့ ဒီမိုကရေစီနိုင်ငံတွေနဲ့ ဖွဲ့စည်းထားတာ ဖြစ်ပါတယ်။

အခု ဝန်ကြီးအဆင့် အစည်းအဝေးကို ၂၀၀၉-၂၀၁၁ အလှည့်ကျဥက္ကဋ္ဌလစ်သူယေးနီးယားနိုင်ငံက လက်ခံကျင်းပတာဖြစ်ပြီးနောက်အလှည့်ကျ ဥက္ကဋ္ဌကတော့ မွန်ဂိုလီးယားနိုင်ငံဖြစ်ပါတယ်။

---

**အချုပ်အချာ အာဏာကို**
**ပြည်သူသာ ပိုင်ရမည်**

# ဘဏ္ဍာရေးဆိုင်ရာ ပိတ်ဆို့အရေးယူမှု အမည်စာရင်း တိုးဖို့တောင်းဆို

**RFA ၊ ဂျွန် ၂၈ ။** ။ မြန်မာအစိုးရ ထိပ်ပိုင်းခေါင်းဆောင်တွေ၊ စစ်ဗိုလ်ချုပ်ကြီးတွေနဲ့ပူးတွဲစီးပွားရေးလုပ်ကိုင်နေကြတဲ့သန်းကြွယ်သူဌေး လုပ်ငန်းရှင်တွေ အပြင်၊ အစိုးရကို မီဒီယာလုပ်ငန်းနဲ့ ကျောထောက်နောက်ခံပြုနေသူ စုစုပေါင်း (၄၂) ဦးကျော်ကို ဘဏ္ဍာရေးပိတ်ဆို့မှုစာရင်းမှာ ထည့်သွင်းအရေးယူဖို့ မြန်မာ့အရေးလုပ်ရှားမှု အဖွဲ့ USCB က အမေရိကန်အစိုးရထံ မနေ့က စာရေးပြီး တင်ပြတောင်းဆိုလိုက်ပါတယ်။

အခုလို နောက်ထပ် စီးပွားရေးလုပ်ငန်းရှင်တွေ၊ မီဒီယာထုတ်ဝေသူတွေကိုပါ ဘာကြောင့် အရေးယူပေးဖို့ တင်ပြခဲ့ရသလဲဆိုတာကိုတော့ မြန်မာ့အရေး လုပ်ရှားမှုအဖွဲ့ USCB ဒါရိုက်တာ ဦးအောင်ဒင်က အာအက်ဖ်အေကိုပြောပြတာက -

"ကျနော်တို့ ပြည်တွင်းကို ပြန်ကြည့်တဲ့ အခါကျတော့ အလိုတော်ရိ စီးပွါးရေးသမားတွေက ပိုတောင်ဆိုးလာကြတယ်။ သူတို့က အစိုးရအဖွဲ့ရဲ့အောက်မှာ ရှိနေတယ်။ ဒေသခံ အာဏာပိုင်တွေထက်တောင် သူတို့က အာဏာရှိနေတယ်။ လူထုရဲ့ မြေတွေ၊ ငါးဖမ်းကွက်တွေ ဒါတွေကို အဓမ္မသိမ်းပြီးတော့ အစိုးရနဲ့ပေါင်းပြီးတော့ develo pment project ကြီးတွေ တည်ဆောက်၊ ဟိုတယ်ကြီးတွေ၊ စက်ရုံတွေ၊ သတ္တုတွင်းတွေ တည်ဆောက်နဲ့။ လူထုက စစ်အုပ်စုနဲ့ စီးပွါးရေးသမားတွေ ပူးပေါင်းပြီး အကြမ်းဖက်နှိပ်စက်မှုကို တွေ့ရတယ်။ ဒီအချိန်မှာ အမေရိကန် အစိုးရအနေနဲ့ ပြဌာန်းထားတဲ့ ဥပဒေကို သေသေချာချာတိတိကျကျ အရေးယူ အကောင်အထည်ဖော်ဖို့၊ အဲလို အကောင်အထည် ဖော်တဲ့နေရာမှာ အခုကျန်ရှိနေသေးတဲ့ စီးပွါးရေးသမားတချို့ကို targeted sanction နဲ့ အရေးယူဖို့ ဒီစာရင်းကို ကျနော်တင်တာပါ။"

အရင်ကတည်းက အမေရိကန်အစိုးရက ပိတ်ဆို့ အရေးယူမှုစာရင်းမှာ ပါသူတွေကတော့ စုစုပေါင်း ၃၀ ကျော်ဖြစ်ပါတယ်။ အဲဒီအထဲမှာ ဦးတေဇ၊ ဇေကဘ္ဘာဦးခင်ရွှေ၊ ယုဇနဦးဌေးမြင့် စတဲ့ နာမည်ကြီး စီးပွားရေးလုပ်ငန်းရှင်တွေ ပါခဲ့ပါတယ်။

အခုစာရင်းထဲမှာပါတဲ့ အများသိတဲ့ ပုဂ္ဂိုလ်တွေ တချို့အမည်တွေကတော့ ကမ္ဘောဇဘဏ်နဲ့ ဘောလုံးအသင်း ပိုင်ရှင် ဆရာကျောင်းခေါ် ဦးအောင်ကိုဝင်း၊ အိုလံပစ် ဆောက်လုပ်ရေး လုပ်ငန်းပိုင်ရှင် ဦးအိုက်ထွန်း၊ Alpine သောက်ရေသန့် လုပ်ငန်းပိုင်ရှင် ဒေါက်တာ စိုင်းဆမ်ထွန်း၊ ဝန်ကြီးဟောင်းဦးအောင်သောင်းရဲ့ သားဖြစ်သူ United Amaya ဘဏ်ပိုင်ရှင် ဦးနေအောင်၊ လက်ရှိ လွှတ်တော်ပြောရေးဆိုခွင့်ရှိသူ ဦးရွှေမန်းသား ဦးတိုးနိုင်မန်း၊ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ မြေးဖြစ်သူ ဖိုးလပြည့် ခေါ် နေရွှေသွေးတို့ ဖြစ်ပါတယ်။

ဒ့ါအပြင် ရုပ်ရှင်လုပ်ငန်းတွေဖက်ကဆိုရင် မိုင်းတွင်း လုပ်ငန်းတွေ လုပ်ကိုင်နေတဲ့ နာမည်ကျော် ရုပ်ရှင်မင်းသား ဦးလွင်မိုး နဲ့ ရုပ်ရှင်ဒါရိုက်တာ ဦးဇင်ယော်မောင်မောင်တို့ ကိုလည်း ပိတ်ဆို့အရေး ယူမှုစာရင်းမှာ ထည့်သွင်းပေးဖို့ တင်ပြထားပါတယ်။

မီဒီယာ လုပ်ငန်းပိုင်ရှင်တွေထဲမှာတော့ The Voice Journal က ဒေါက်တာနေဝင်းမောင်၊ မြန်မာတိုင်းမ်စ် ဂျာနယ်ထုတ်ဝေသူ ဒေါက်တာတင်ထွန်းဦး၊ Snapshot Journal က ဦးမြတ်ခိုင်၊ ပေါ်ပြူလာဂျာနယ်က ဒေါ်နန်းကလျာဝင်း အပါအဝင် Yangon Media Group က ဦးကိုကို (စက်မှုတက္ကသိုလ်) တို့ကိုလည်း ဘဏ္ဍာရေးပိတ်ဆို့မှု စာရင်းမှာ ထည့်ပြီး အရေးယူဖို့တင်ပြထားပါတယ်။

---

# ပြည်နယ်ဝန်ကြီးချုပ်မှ ငြိမ်းချမ်းရေးကြားဝင်စေ့စပ်ဖို့ ၅ ဦးပါ အဖွဲ့ ဖွဲ့စည်း

**RFA ၊ ဂျွန် ၂၈ ။** ။ အစိုးရနဲ့ ကချင်လွတ်မြောက်ရေးအဖွဲ့တို့ ဖြစ်ပွား နေတဲ့တိုက်ပွဲများ ရပ်ဆိုင်းရေးအတွက် စေ့စပ်ဆွေးနွေးဖို့ မနေ့က ကချင်ပြည်နယ်ဝန်ကြီးချုပ်က အဖွဲ့ဝင် ငါးဦးပါအဖွဲ့ကို ဖွဲ့စည်းလိုက်ကြောင်း သိရှိရပါတယ်။

ဒီအဖွဲ့ကို ပြည်သူ့ကိုယ်စား ပြည်နယ်အဆင့် ငြိမ်းချမ်းရေး ကြားဝင်စေ့စပ်ရေးအဖွဲ့လို့ အမည်ပေးထားပါတယ်။ အဖွဲ့မှာပါဝင်တဲ့ ပုဂ္ဂိုလ်များနဲ့ပတ်သက်ပြီး အဖွဲ့ဝင်တဦးဖြစ်တဲ့ ကချင်အမျိုးသား အတိုင်ပင်ခံအဖွဲ့ဥက္ကဌ ဦးဆင်ဝါးနော်က အခုလိုပြောပါတယ်။

"ကချင်အတိုင်ပင်ခံကတယောက်ဖြစ်တဲ့ ကျနော်ဦးဆင်ဝါးနော်ပါတယ်။ အမျိုးသားလွှတ်တော်က ဦးချက်ထိန်နန်၊ နယ်ခြားဖွံ့ဖြိုးရေးနဲ့ လုံခြုံရေးတာဝန်ခံ အစိုးရအဖွဲ့ထဲက ဗိုလ်မှူးကြီး သန်းအောင်၊ စရန က ဗိုလ်မှူး နိုင်လင်း၊ နပခ တိုင်းအဆင့်က ဗိုလ်မှူးကြီး ထွန်းထွန်းအုန်း၊ ကျနော်တို့ ၅ ယောက်ကို ကချင်ပြည်နယ်ဝန်ကြီးချုပ်ကခေါ်ပြီး ဖွဲ့လိုက်တာပါ။"

ဒီအဖွဲ့ဟာ ဆက်သွယ်ရေးဝန်ကြီးဟောင်း ဦးသိန်းဇော်နဲ့ ညှိနှိုင်းပြီး လုပ်ငန်းများကို အကောင်အထည်ဖေါ်မှာဖြစ်တယ်လို့ သိရပါတယ်။ ဒီအဖွဲ့ ဖွဲ့စည်းလိုက်တာနဲ့ပတ်သက်ပြီး KIO ကတော့ သူတို့ထံ တရားဝင်ဆက်သွယ်အကြောင်းကြားတာမရှိသေးဘူးလို့ ပြောပါတယ်။ KIO အဖွဲ့ တွဲဘက်အတွင်းရေးမှူး ဦးလနန်းက အခုလို ပြောပါတယ်။

"သူတို့ ဘာရည်ရွယ်ပြီးဖွဲ့တယ်ဆိုတာ ကျနော်တို့ ကောင်းကောင်းမသိသေးဘူး။ ဒါပေမဲ့ သူက အပစ်အခတ်ရပ်ဆိုင်းရေး အဆင့်ကို လုပ်ဖို့အတွက်ဆိုရင်တော့ ကျနော်တို့သိမှာပါ။ သူတို့ ဘာရည်ရွယ်ချက်ရှိတယ် ဘာတွေပြောမယ်ဆိုတာကို အရင် နား ထောင်ရမှာပါ။ သိပြီးတော့မှ ကျနော်တို့ ဘာလုပ်မယ်ဆိုတာကို တဆင့်တက်မှာပါ။"

ပြီးခဲ့တဲ့ ဇွန်လ ၁၃ ရက်နေ့က ပထမဆုံးအကြိမ်အဖြစ် ဦးသိန်းဇော်က ကချင်အမျိုးသားအတိုင်ပင်ခံအဖွဲ့ဥက္ကဌ ဦးဆင်ဝါးနော် အပါအဝင် အတိုင်ပင်ခံအဖွဲ့ဝင်လေးဦးကို KIO အဖွဲ့ထံ စေလွှတ်ခဲ့ တာဖြစ်ပြီး၊ ဇွန်လ ၁၆ ရက်နဲ့ ၁၇ ရက်နေ့တွေမှာ ကိုယ်တိုင် KIO ကို အဆက်အသွယ်လုပ်ခဲ့ပါတယ်။

KIO အဖွဲ့က အပစ်အခတ်မရပ်ခင် ခိုင်မာတဲ့အာမခံချက်တောင်းခံထားတဲ့စာ ပေးပို့ထားပြီး အစိုးရဘက်က ပြန်ကြားချက် တစုံတရာ မပေးသေးဘူးလို့ သိရပါတယ်။

# ထားဝယ်ရေနက်ဆိပ်ကမ်းရင်းနှီးဖို့ ထိုင်းရေနံကုမ္ပဏီ တွန့်နေ

**RFA | ဂျွန် ၂၇ ။** ။ မြန်မာနိုင်ငံ ထားဝယ် ရေနက်ဆိပ်ကမ်းစီမံကိန်းမှာ ရင်းနှီးမြှုပ်နှံဖို့အတွက် ထိုင်းနိုင်ငံရဲ့ အဓိကရ စွမ်းအင်ကုမ္ပဏီကြီးဖြစ်တဲ့ PTT ရေနံကုမ္ပဏီဟာ တွန့်ဆိုင်းနေပါတယ်။

ထားဝယ်ဆိပ်ကမ်းနဲ့ပတ်သက်ပြီး ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ မက်လုံးတွေ ရှင်းရှင်းလင်းလင်းမရှိသေးတဲ့အပြင် လုံခြုံရေးကိစ္စတွေမှာလည်း စိုးရိမ်စရာတွေရှိနေတယ်လို့ PTT ရေနံကုမ္ပဏီရဲ့အကြံပေး မစ္စတာ ချိုင်နီွင်းကပြောပါတယ်။ ထိုင်းအစိုးရအနေနဲ့ ထားဝယ်မှာ ရင်းနှီး မြှုပ်နှံမှုတွေမလုပ်ခင် လုံခြုံရေးကိစ္စကို စိတ်ချသေချာအောင် လုပ်ထားသင့်တယ်လို့လည်း ဆိုပါတယ်။

ထိုင်းနိုင်ငံရဲ့အကြီးဆုံး ဆောက်လုပ်ရေး ကန်ထရိုက်ကုမ္ပဏီကြီးဖြစ်တဲ့ ITD ခေါ် အီတာလျံ ထိုင်း ကုမ္ပဏီက ထားဝယ်ဆိပ်ကမ်းတည်ဆောက်ရေးအတွက် ၁၀ နှစ်စီမံကိန်း ကန်ထရိုက်ရထားပါတယ်။ ဒီစီမံကိန်းအတွက် ပူးတွဲရင်းနှီးမြှုပ်နှံကြမယ့် အကျိုးတူလုပ်ငန်းတွေထဲမှာ PTT ရေနံကုမ္ပဏီလည်းပါဝင်မယ်လို့ အီတာလျံ ထိုင်း ကုမ္ပဏီက မျှော်လင့်ထားတာပါ။ ဒါပေမဲ့ PTT ကတော့ ထားဝယ်ဆိပ်ကမ်းနဲ့ပတ်သက်ပြီး လေ့လာတဲ့အခြေအနေမှာပဲ ရှိသေးတယ်လို့ မစ္စတာချိုင်နီွင်းက ပြောပါတယ်။

အခုထိတော့ ထိုင်းနဲ့ မြန်မာ ဆက်ဆံရေးချောမွေ့နေပါတယ်၊ ဒါပေမဲ့ ရှေ့အနာဂတ်နဲ့ပတ်သက်ပြီး စိုးရိမ်စရာ သတိထားစရာတွေရှိနေပါတယ်၊ ရင်းနှီးမြှုပ်နှံရာမှာ စွန့်စားရတာ သဘာဝပါ၊ ဒါပေမဲ့ ထားဝယ်မှာ ကျနော်တို့ရဲ့ ရင်းနှီးမြှုပ်နှံမှုတွေစိတ်ချရအောင် အာမခံချက်ရှိဖို့လိုပါတယ်လို့လည်း ပြောဆိုပါတယ်။

PTT အနေနဲ့ ထားဝယ်မှာ ရေနံချက်လုပ်ငန်း၊ ရေနံဓါတုလုပ်ငန်းနဲ့ ဓါတ်အားပေးစက်ရုံလုပ်ငန်းတွေမှာ ရင်းနှီးမြှုပ်နှံဖို့ စိတ်ကူးထားပါတယ်။ ဒါပေမဲ့ ရင်းနှီးမြှုပ်နှံမှု မက်လုံး၊ မြေပိုင်ဆိုင်မှုလုပ်သမားဥပဒေ၊ ကုန်ကြမ်းပစ္စည်း တင်သွင်းခွန် စတဲ့အချက် တွေနဲ့ပတ်သက်ပြီး အခုထိ ဘာမှ ရှင်းရှင်းလင်းလင်းမသိရသေးတဲ့အပြင် မုတ္တမကွေ့က ထွက်တဲ့ ရေနံနဲ့ဓါတ်ငွေ့ဟာ ရေနံဓါတုလုပ်ငန်းအတွက် သုံးစွဲဖို့မသင့်တော်ဘူးလို့လည်း ဆိုပါတယ်။

ဒါ့ပြင် ရနောင်းမှာ သဘာဝပတ်ဝန်းကျင် ပြဿနာနဲ့ရင်ဆိုင်နေရတဲ့ Map Ta Phut စက်မှုဇုန်ကို အပြည့်အဝသုံးစွဲနိုင်ရေးနည်းလမ်းတွေရှာဖွေဖို့လည်း မစ္စတာချိုင်နီွင်းက ထိုင်းအစိုးရကို အကြံပြုလိုက်ပါတယ်။ ထားဝယ်ဆိပ်ကမ်းမှာ ဓါတ်အားပေးစက်ရုံတွေတည်ဆောက်ရေးစီမံကိန်းဟာ ထိုင်းကို ဓါတ်အားပြန်ပို့ဖို့ ဖြစ်ပေမဲ့ထိုင်းကဌာနေလုပ်ငန်းတွေ ကျဆင်းသွားတယ်ဆိုရင် ဘယ်လိုလုပ်မလဲလို့လည်း မေးခွန်းထုတ်လိုက်ပါတယ်။

## မြန်မာလူကုန်ကူးမှုကိစ္စ အမေရိကန်ထောက်ပြပြောဆို

**RFA | ဂျွန် ၂၈ ။** ။ မြန်မာနိုင်ငံက အမျိုးသား အမျိုးသမီး ကလေးငယ်တွေဟာ အတင်းအဓမ္မလုပ်အားပေးနိုင်းစေခံရသလို အမျိုးသမီးနဲ့ကလေးငယ်တွေဟာ အခြားနိုင်ငံတွေကို လိင်ကုန်ကူး ရောင်းစားတာခံကြရတယ်လို့ အမေရိကန်နိုင်ငံခြားရေးဌာနက ပြောဆိုလိုက်ပါတယ်။

မနေ့ကထုတ်ပြန်တဲ့ အမေရိကန်နိုင်ငံခြားရေးဌာနရဲ့ ၂၀၁၁ ခုနှစ် လူကုန်ကူးမှုနဲ့ပတ်သက်တဲ့ အစီရင်ခံစာမှာ မြန်မာအစိုးရရဲ့ လူကုန်ကူးမှုတိုက်ဖျက်ရေး ဆောင်ရွက်ချက်တွေဟာ လုံလောက်မှုမရှိဘူးလို့ ဖေါ်ပြထားပါတယ်။ မြန်မာနိုင်ငံသားတွေဟာ အိမ်နီးချင်းနိုင်ငံတွေကို လူကုန်ကူးခံရပြီး နည်းမျိုးစုံနဲ့ မတရား အလုပ်ခိုင်းစေခံနေရတယ်လို့ အမေရိကန်နိုင်ငံခြားရေးဌာနရဲ့ပြောခွင့်ရ အမျိုးသမီး Nicole Thompson က အာအက်ဖ်အေကို ပြောပါတယ်။

မြန်မာကလေးငယ်တွေဟာ ထိုင်းနိုင်ငံမှာ သူတောင်းစားတွေ ဈေးရောင်းသူတွေအဖြစ် အတင်းအဓမ္မ ခိုင်းစေခံနေရပါတယ်။ ဒါ့အပြင် တရုတ်၊ အိန္ဒိယ၊ ဘင်္ဂလားဒေ့ရှ်၊ မလေးရှား၊ ထိုင်းနဲ့ တောင်ကိုးရီးယားနိုင်ငံတွေမှာ သွားရောက်လုပ်ကိုင်ကြတဲ့ မြန်မာအမျိုးသား၊ အမျိုးသမီးနဲ့ ကလေးငယ်တွေဟာ အတင်းအဓမ္မအလုပ်ခိုင်းစေခံရပြီး လိင်ကုန်ကူး ရောင်းစားတာလည်း ခံကြရတယ်လို့ပြောသွားတာပါ။

တရုတ်ပြည်နယ်စပ်မှာ အမျိုးသမီးနဲ့မိန်းခလေးတွေ ရောင်းစားခံရတဲ့ကိစ္စကို အလေးထား နိမ်နင်းနေတယ်လို့ မြန်မာ အာဏာပိုင်တွေက တုန့်ပြန် ပြောဆိုကြောင်း အစီရင်ခံစာမှာဖေါ်ပြထားပါတယ်။ ဒါပေမဲ့ တကယ်တမ်း မြန်မာနိုင်ငံက အတင်းအဓမ္မ လုပ်အားပေးခိုင်းစေမှုဟာ ဆိုးရွားတဲ့ လူကုန်ကူးမှုတစ်ရပ်လို့ အမေရိကန် နိုင်ငံခြားရေးဌာနရဲ့ အစီရင်ခံစာမှာ ထောက်ပြထားပါတယ်။

ဒါကြောင့် စစ်တပ်ကနေ ကလေးစစ်သားအဖြစ် စုဆောင်းနေတာ၊ အရပ်သားတွေကို အဓမ္မ လုပ်အားပေးခိုင်းစေတဲ့ လုပ်ရပ်တွေကိုရပ်ဆိုင်းပစ်ဖို့ မြန်မာအစိုးရကို အစီရင်ခံစာမှာ တိုက်တွန်းထားပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီ လူငယ်သွေးသစ်များ တာဝန်ပေးဖို့ ဆုံးဖြတ်

**RFA | ဂျူလိုင် ၁ ။** ။ ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီ CRPP အနေနဲ့ လူငယ်သွေးသစ်တွေကို ကော်မတီမှာတာဝန်ပေးဖို့ ဆုံးဖြတ်လိုက်ပါတယ်။ ဒီကနေ့မွန်းလွဲပိုင်းက NLD ပါတီဌာနချုပ်မှာ ပြုလုပ်တဲ့ CRPP အစည်းအဝေးမှာ အခုလိုဆုံးဖြတ်လိုက်တာပါ။

CRPP အစည်းအဝေးကို NLD ပါတီ ဒုတိယဥက္ကဋ္ဌ ဦးတင်ဦး၊ အထွေထွေအတွင်းရေးမှူး ဒေါ်အောင်ဆန်းစုကြည် အပြင် ဗဟိုအလုပ်အမှုဆောင် ဦးဝင်းတင်၊ ဦးသန်းထွန်း ဦးလှဖေ တို့နဲ့ CRPP အတွင်းရေးမှူး ဦးအေးသာအောင်၊ ဦးကျင်ရှင်းထန်နဲ့ ဦးစိုးဝင်းတို့ တက်ရောက်ကြပါတယ်။ အစည်းအဝေးမှာ ဆွေးနွေးချက်တွေနဲ့ပတ်သက်ပြီး NLD ပြန်ကြားရေးတာဝန်ခံ ဦးအုန်းကြိုင်က အခုလိုပြောပါတယ်။

"အထွေထွေနိုင်ငံရေးအခြေအနေကိုသုံးသပ်တယ်။ ပြီးတော့ CRPP အဖွဲ့မှာ အသက်အရွယ်ကြီးရင့်တာ၊ တချို့ကလည်း ကျန်းမာရေးချို့တဲ့တာတွေကြောင့် လစ်လပ်သွားတဲ့နေရာတွေမှာ သက်ဆိုင်ရာပါတီတွေအလိုက် သင့်တော်တဲ့ပုဂ္ဂိုလ်များကို အစားထိုး အားဖြည့်သွားဖို့ သူတို့ ဆုံးဖြတ်တယ်လို့ သိရပါတယ်။"

အစည်းအဝေးမှာ NLD ပါတီအပေါ် ပြည်ထဲရေးဝန်ကြီးဌာနက သတိပေးချက်နဲ့ပတ်သက်ပြီး ဆွေးနွေးပြောဆိုမှုတွေရှိပါတယ်။ ဒါပေမဲ့ ဒီအကြောင်းအသေးစိတ်ကို ထုတ်ဖော်ပြောဆိုခြင်းမရှိပါဘူး။

# ဆင်းရဲနွမ်းပါးမှု Poverty ဆိုရာဝယ်

ခင်မမမျိုး

ဘောဂဗေဒပညာရှင် David Korten က ဆင်းရဲနွမ်းပါးမှု၊ လူမှုယှက်နွယ်ဆက်စပ်ခြင်းသင်္ကေတန်များပျက်ယွင်းမှုနဲ့ သဘာဝပတ်ဝန်းကျင်ပျက်စီးမှု စတာတွေဟာ တကမ္ဘာလုံးကအလေးထားရမယ့် global threefold human crisis လို့ အဆိုရှိခဲ့ဖူးပါတယ်။ ဒီအချက်သုံးချက်ထဲမှာ ပါဝင်တဲ့ ဆင်းရဲနွမ်းပါးမှုဆိုတာကလဲ လူသားတဦးချင်းဆီကနေ တကမ္ဘာလုံးအတိုင်းအတာအထိ ပျံ့နှံ့ ရိုက်ခတ်နေတဲ့ သဘောတရားတခုပဲ ဖြစ်ပါတယ်။

ဆင်းရဲနွမ်းပါးမှုဆိုတာကို ဖွံ့ဖြိုးတိုးတက်ရေး နှောင့်နှေး ခြင်းရဲ့ လက္ခဏာတရပ်အနေနဲ့ ကမ္ဘာ့ပြည်သူတွေက သတ်မှတ်ထားကြပြီး၊ ဖွံ့ဖြိုးတိုးတက်ရေးဆိုတာကို ဆင်းရဲနွမ်းပါးမှု ပပျောက်ရေး၊ဆင်းရဲတွင်းထဲမှ လူအများကိုကယ်ထုတ်ရေးလို့လဲ ရှုမြင်သုံး သပ်သူတွေ ရှိကြပါ တယ်။ ကမ္ဘာ့ဘဏ်ရဲ့ကမ္ဘာ့ဖွံ့ဖြိုးတိုးတက်ရေးအစီရင်ခံစာ (၁၉၉၀) မှာ ဆင်းရဲနွမ်းပါးမှုလျှော့ချရေးကို စီးပွားရေးဖွံ့ဖြိုးတိုး တက်ရေးရဲ့ အခြေခံရည်မှန်းချက်အဖြစ်ထည့်သွင်းဖော်ပြထားခဲ့ပါတယ်။

ဆင်းရဲနွမ်းပါးမှု ဆိုတာနဲ့ပတ်သက်ပြီး လေ့လာသူပညာရှင်တွေ၊နိုင်ငံတကာအဖွဲ့အစည်းတွေ၊ အစိုးရတွေနဲ့ အစိုးရမဟုတ်သောအဖွဲ့အစည်းများစွာကအဓိပ္ပာယ်ဖွင့်ဆိုချက်တွေ အများအပြား ဖွင့်ဆိုခဲ့ကြပါတယ်။ဆင်းရဲနွမ်းပါးမှုဆိုတဲ့ သဘောတရားဟာလဲ ဒီမိုကရေစီ၊ လူမှုတရားမျှတမှု၊ဖွံ့ဖြိုးတိုးတက်ရေး စတဲ့ သဘောတရားတွေလိုပဲ လူမှုအသိုင်းအဝိုင်းကနေဝိုင်းဝန်းတည်ဆောက်ပြီး ပေါ်ထွက်လာတဲ့ သဘောတရား (social construct) ဖြစ်တဲ့အတွက်အဓိပ္ပာယ်ဖွင့်ဆိုချက်တွေ၊ ငြင်းဆိုချက်တွေ၊ ပြောင်းလဲမှုတွေနဲ့ပြည့်နှက်နေလေ့ရှိပါတယ်။ ဆင်းရဲနွမ်းပါးမှုကို အဓိပ္ပာယ် ဖွင့်ဆိုကြရာမှာယေဘုယျအားဖြင့် cluster of meanings လေးခုကို အခြေခံပြီး ဖွင့်ဆိုတတ်ကြပါတယ်။

ပထမ cluster ကတော့ ဝင်ငွေ (income) မှာ အခြေခံပါတယ်။ဆင်းရဲနွမ်းပါးမှုဆိုတာကို ဝင်ငွေနည်းပါးမှုအနေနဲ့ ရှုမြင်ပီး၊ ဝင်ငွေမည်၍မည်မျှထက် လျော့နည်းရခဲ့ရင် ဆင်းရဲနွမ်းပါးတယ်လို့ တိုင်းတာသတ်မှတ်ကြပါတယ်။ဒီလို ဆင်းရဲနွမ်းပါးမှု အကဲဖြတ်လိုင်း (poverty line) တွေကိုသက်ဆိုင်ရာနိုင်ငံအလိုက် သတ်မှတ်ထားပြီး၊ ဒီ အကဲဖြတ်လိုင်း (ဆင်းရဲနွမ်းပါးသောနိုင်ငံများအပေါ် ကမ္ဘာ့ဘဏ် သတ်မှတ်ချက်အရ နှစ်စဉ် ဝင်ငွေ အမေရိကန်ဒေါ်လာ ၃၇၀) ထက် လျော့နည်းရသူများဟာ ဆင်းရဲနွမ်းပါးသူများအဖြစ် သတ်မှတ်ခံရပါတယ်။ဆင်းရဲနွမ်းပါးမှုအကဲဖြတ်လိုင်းရဲ့အောက်မှာလူဦးရေရဲ့ရာခိုင်နှုန်း မည်၍မည်မျှ ရှိနေသလဲ ဆိုတာကို တွက်ချက်ကြည့်ခြင်းဖြင့် နိုင်ငံတနိုင်ငံရဲ့ဖွံ့ဖြိုးတိုးတက်မှု အခြေအနေကို လေ့လာဆန်းစစ်နိုင်ပါတယ်။

ဒုတိယ cluster ကတော့ ရုပ်ဝတ္ထု ချို့တဲ့ခြင်း (material deprivation) မှာအခြေခံပါတယ်။ ဝင်ငွေနည်းပါးမှုတင် မကပဲအမိုးအကာ၊ အဝတ်အထည်၊ ပရိဘောဂပစ္စည်း၊ရေဒီယို၊ တီဗွီစတဲ့ ဖျော်ဖြေရေး စက်ပစ္စည်း စတဲ့ ရုပ်ဝတ္ထုတွေ ချို့တဲ့မှုကိုလဲဆင်းရဲနွမ်းပါးမှု အနေနဲ့ ထည့်သွင်းပြီး အဓိပ္ပာယ်ဖွင့်ဆိုကြပါတယ်။ ကျန်းမာရေးဝန်ဆောင်မှု၊ သက်ကြီးရွယ်အို စောင့်ရှောက်မှု၊ ပညာရေး ဝန်ဆောင်မှုစတာတွေကို ခံစားခွင့်မရှိတာတွေဟာလဲ ရုပ်ဝတ္ထုချို့တဲ့ ခြင်းပဲ ဖြစ်ပါတယ်။

တတိယ cluster ကတော့ ဘောဂဗေဒပညာရှင် Amartya Sen မီးမောင်းထိုးပြထားခဲ့တဲ့စွမ်းရည် ချို့တဲ့ခြင်း (capability deprivation) ပဲ ဖြစ်ပါတယ်။ လူသားတွေဆီမှာသူတို့ကံကြမ္မာကို သူတို့ကိုယ်တိုင် ဖန်တီးနိုင်မယ့် စွမ်းရည်တွေရှိလာဖို့အတွက်စီးပွားရေး၊ လူမှုရေးနဲ့ နိုင်ငံရေး လွတ်လပ်ခွင့် (Economic, Social andPolitical Freedoms) လိုအပ်ပါတယ်။ ဒီလိုလွတ်လပ်ခွင့်တွေ အမြစ်တွယ်ရှင်သန်နေတဲ့လူမှုအင်စတီကျူးရှင်း (နိုင်ငံတော်အုပ်ချုပ်ရေး၊ ဈေးကွက်၊ ဘဏ္ဍာရေးစနစ်၊အလုပ်သမားသမဂ္ဂ၊ အရပ်ဘက်လူ့အဖွဲ့အစည်း စသည်များ) ဟာ လူတဦးချင်းစီရဲ့ စွမ်းရည်၊အခွင့်အလမ်းနဲ့ ရွေးချယ်ခွင့်တွေအပေါ်မှာ သက်ရောက်မှုရှိပါတယ်။ ဒါကြောင့်လွတ်လပ်ခွင့် (Freedom) ကို ချုပ်ချယ်ခံရတဲ့ နိုင်ငံတွေမှာတိုင်းသူပြည်သားတွေရဲ့ မိမိတို့ ကံကြမ္မာကို ဖန်တီးနိုင်ခွင့် စွမ်းရည်တွေကျဆင်းနေတတ်ပါတယ်။ ဒီလို စွမ်းရည်ချို့တဲ့မှုဟာလဲ ဆင်းရဲနွမ်းပါးမှု ပါပဲ။

ဆင်းရဲနွမ်းပါးမှုကို အဓိပ္ပာယ်ဖွင့်ဆိုတဲ့ စတုတ္ထ clusterကတော့ လူမှုအသိုင်းအဝိုင်းမှ ဖယ်ရှားခံထားရခြင်း (social exclusion) ပဲဖြစ်ပါတယ်။ Socialexclusion ဆိုတာမှာ အခွင့်အရေး (လူ့အခွင့်အရေး၊ ဒီမိုကရေစီအခွင့်အရေး၊နိုင်ငံသားအခွင့်အရေး)၊ အရင်းအမြစ် (လူ့စွမ်းအား အရင်းအမြစ်၊ ကျန်းမာရေးနှင့်ပညာရေးဆိုင်ရာ နိုင်ငံတော် ထောက်ပံ့မှု၊ ဈေးကွက်)နဲ့ ဆက်နွယ်မှု (မိသားစုကွန်ယက်၊ ထောက်ပံ့ကူညီရေးကွန်ယက်) စတာတွေ ပါဝင်ပါတယ်။ လူ့အဖွဲ့အစည်း အတွင်းမှာရှိနေတဲ့ လူတဦးတယောက် (သို့မဟုတ်) အစုအဖွဲ့တခုဟာ ဒီမိုကရေစီနဲ့လူ့အခွင့်အရေးတွေကို ခံစားခွင့် မရှိခြင်း၊ အရင်းအမြစ်တွေ ရှားပါးခြင်းစတာတွေကို ကြုံတွေ့နေရ တယ်ဆိုရင် ဒါဟာလဲ ဆင်းရဲနွမ်းပါးမှုပါပဲ။

ဆင်းရဲနွမ်းပါးမှုဟာ စီးပွားရေး၊ နိုင်ငံရေးရာတွေ အပေါ်မှာရိုက်ခတ်မှုတွေရှိပါတယ်။ ဘယ်လို စီးပွားရေးစနစ်ကို ကျင့်သုံး သည်ပဲဖြစ်စေ၊ဆင်းရဲနွမ်းပါးမှုကြောင့် လုပ်အားထုတ်လုပ်မှု (labour productivity)လျော့နည်းစေနိုင်ပါတယ်။အဲဒီအခါမှာ စီးပွားရေးတိုးတက်မှု (economic growth) ကို ထိခိုက်စေပါတယ်။စီးပွားရေးတိုးတက်မှု ကျဆင်းမှုကြောင့် အလုပ်လက်မဲ့ ပြဿနာကို ဖြစ်စေနိုင်ပါတယ်။အလုပ်လက်မဲ့ပြဿနာကြောင့် ဈေးကွက်မှာ စားသုံးသူတွေရဲ့ ငွေကြေးအသုံးပြုနိုင်မှုလျော့နည်းစေပြီး၊ စီးပွားရေးတိုးတက်မှုကို နှောင့်နှေးစေပါတယ်။ ဒီလို ဆင်းရဲနွမ်းပါးတဲ့ လူ့အဖွဲ့အစည်းဟာ ထုတ်ကုန်အက်တာပရိုက်စ်တွေမှာရင်းနှီးမြှုပ်နှံမှု မလုပ်နိုင်တာနဲ့ physical infrastructure

(လမ်းပန်းဆက်သွယ်ရေး၊

စွမ်းအင်)၊ Social Infrastructure (ကျန်းမာရေး၊ ပညာရေး၊ ဈေးကွက်၊ဘဏ္ဍာရေးစနစ်) စတာတွေမှာအားနည်းချက်တွေကြောင့် နိုင်ငံတကာ ကုန်သွယ်ရေးမှာ အခြားနိုင်ငံများနဲ့မယှဉ်ပြိုင်နိုင်ပါဘူး။ ဒါဟာ ဆင်းရဲနွမ်းပါးမှုရဲ့ တိုင်းပြည်စီးပွားရေးအပေါ်မှာရိုက်ခတ်မှုတွေဖြစ်ပါတယ်။

စာမျက်နှာ ၁၈ သို့

# PX3 ဓာတ်ပုံပြိုင်ပွဲ ဒေါ်အောင်ဆန်းစုကြည်ဓာတ်ပုံ ဂုဏ်ထူးဆောင်ချီးမြှင့်

**RFA ၊ ဂျွန် ၂၇ ။** ။ ပြင်သစ်နိုင်ငံက ဓါတ်ပုံပညာရှင်တွေဦးစီးပြီး နှစ်စဉ်ကျင်းပတဲ့ PX3 နိုင်ငံတကာဓါတ်ပုံပြိုင်ပွဲမှာ ဒီနှစ်အတွက် ဒေါ်အောင်ဆန်းစုကြည်ရဲ့ဓါတ်ပုံကို ဂုဏ်ထူးဆောင်ချီးမြှင့်ခဲ့ပါတယ်။

ဓါတ်ပုံပညာရှင် အင်္ဂလန်နိုင်ငံသား James Mackay က ဒီနှစ်ဆန်းပိုင်းလောက်မှာ ဒေါ်အောင်ဆန်းစုကြည်ရဲ့နေအိမ်ကို သွားရောက်တွေ့ဆုံရိုက်ယူခဲ့တဲ့ ဓါတ်ပုံဖြစ်ပါတယ်။ ဒီဓါတ်ပုံမှာ အများရဲ့ ယုံကြည်လေးစားမှုကို စွေ့ဆော်ပေးတဲ့ ဒေါ်အောင်ဆန်းစုကြည်ရဲ့အရှိန်အဝါ သဘောသဘာဝ ပေါ်လွင်အောင် အမိအရ ရိုက်ယူလိုက်နိုင်တဲ့အတွက် သူ့အနေနဲ့ အလွန်ကံကောင်းတယ်လို့ James Mackay က အာအက်ဖ်အေကို ပြောပါတယ်။

ပြိုင်ပွဲဝင်ဓါတ်ပုံဆရာအများစုရဲ့ပုံတွေဟာ လစ်ဗျားနိုင်ငံလို စစ်ဖြစ်နေတဲ့ဒေသက ဓါတ်ပုံတွေပါ။ ဒါတွေဟာ အလွန်အရေးကြီးပါတယ်။ အခု ကျနော်ရိုက်ထားတဲ့ ဒေါ်အောင်ဆန်းစုကြည်ပုံမျိုးဟာ အရင် ၁၉၉၆ ခုနှစ်က ဓါတ်ပုံဆရာ Nic Dunlop ရိုက်ခဲ့တဲ့ပုံမျိုးနဲ့တူပါတယ်။ ဒါပေမဲ့ ကျနော်အလွန်ကံကောင်းတယ်လို့ ပြောရမှာပါ။ ဒေါ်စုရဲ့အိမ်မှာတွေ့ဆုံခွင့်ရပြီး အများလေးစားမှုကိုရယူနိုင်တဲ့ သူရဲ့ အရှိန်အဝါသဘောကို ပေါ်လွင်အောင် ရိုက်ယူနိုင်ခဲ့လို့ပါ။ ဓါတ်ပုံမှာ ပေါ်လွင်နေတဲ့ အဲဒီ သဘော သဘာဝကိုပဲ အကဲဖြတ် ဒိုင်လူကြီးတွေ စိတ်ကြိုက်တွေ့သွားတာ ဖြစ်နိုင်ပါတယ်လို့ ပြောသွားတာပါ။

နေအိမ်မှာ ၁၅ နှစ်နီးပါး အကျယ်ချုပ် ထိန်းသိမ်းခံထားရတဲ့ ဒေါ်အောင်ဆန်းစုကြည်ကို ဓါတ်ပုံရိုက်ခွင့်ရဖို့ သူ့အနေနဲ့ နှစ်နဲ့ချီပြီး စောင့်ဆိုင်းခဲ့ရတယ်လို့ James Mackay က ဆိုပါတယ်။

PX3 နိုင်ငံတကာဓါတ်ပုံပြိုင်ပွဲရဲ့ ထူးခြားချက်က နိုင်ငံတကာမှာဖြစ်ပျက်နေတဲ့ ပဋိပက္ခစစ်ပွဲတွေ၊ လူ့အခွင့်အရေး ချိုးဖောက်ခံရတာတွေ၊ လူသားတွေရင်ဆိုင်နေရတဲ့ ဆင်းရဲဒုက္ခတွေကို ရိုက်ကူးထားတဲ့ ဓါတ်ပုံတွေ ယှဉ်ပြိုင်တာဖြစ်ပါတယ်။

ဒီနှစ်အတွက် အိန္ဒိယနိုင်ငံသား ဓါတ်ပုံပညာရှင်ရိုက်ကူးထားတဲ့ မျက်မမြင်ကျောင်းက ကလေးတွေရဲ့ အုပ်စုလိုက်ဓါတ်ပုံကို အကောင်းဆုံးဓါတ်ပုံဆုအဖြစ် ရွေးချယ်ခဲ့ပါတယ်။ ဆုပေးပွဲအခမ်းအနားကို ဇွန်လ ၂၉ ရက်နေ့ ပြင်သစ်နိုင်ငံ ပဲရစ်မြို့မှာ ကျင်းပမှာဖြစ်ပါတယ်။

# မစ်ရှယ်ယို လေဆိပ်မှ နှင်ထုတ်ခံရ

**RFA ၊ ဂျွန် ၂၈ ။** ။ ဒေါ်အောင်ဆန်းစုကြည် အတ္ထုပ္ပတ္တိ ရုပ်ရှင်မှာ ဒေါ်အောင်ဆန်းစုကြည်အဖြစ် ပါဝင်သရုပ်ဆောင်သူ ကမ္ဘာကျော်ဟောလီဝုဒ် ရုပ်ရှင်မင်းသမီး မစ်ရှယ်လ်ယိုကို ဦးသိန်းစိန်အစိုးရက ရန်ကုန်ကို အဝင်မခံဘဲ လေဆိပ်ကနေ ဇွန်လ ၂၂ ရက်နေ့က ပြန်နှင်လွှတ်လိုက်တယ်လို့ သိရပါတယ်

မင်းသမီးမစ်ရှယ်လ်ယိုကို အစိုးရက နာမည်ပျက်စာရင်းသွင်းထားတာကြောင့် ပြည်ဝင်ခွင့် ပိတ်ပင်တာဖြစ်တယ်လို့ အမည်မဖော်လိုတဲ့ မြန်မာအရာရှိတဦးကို ကိုးကားပြီး ရန်ကုန်ကလာတဲ့ နိုင်ငံခြားသတင်းတွေက ရေးသားပါတယ်။ ဒီကိစ္စနဲ့ ပတ်သက်ပြီး NLD ပါတီက ပြောခွင့်ရဦးဉာဏ်ဝင်းကို မေးကြည့်တဲ့ ဒီဖြစ်ရပ်ဟာ စိတ်မကောင်းစရာဖြစ်တယ်လို့ ပြောပါတယ်။

"ဗီဇာကိစ္စနဲ့ပတ်သက်ပြီးတော့ အလွန်အထိမခံဆိုတာမျိုးဖြစ်နေတာပေါ့။ သူက အနုပညာသမားဘဲ။ အနုပညာသမား အတိုင်းဘဲ ရှိမှာပေါ့။ ဒါကိုတောင်မှ ဒီမိသားစုနဲ့ ရင်းနှီးတယ်ဆိုတာကို လက်မခံတဲ့သဘော၊ အဲဒီလိုဟာကတော့ သိပ်မကောင်းဘူးလို့တော့ ထင်ပါတယ်။"

မင်းသမီးမစ်ရှယ်လ်ယို ဟာ ဒေါ်အောင်ဆန်းစုကြည်ရဲ့ ရုပ်ရှင်ရိုက်ကူးရေးအတွက် ပြီးခဲ့တဲ့နှစ် ဒီဇင်ဘာလက မြန်မာနိုင်ငံကို တကြိမ်ရောက်ရှိလာတာဖြစ်ပြီး ဒေါ်အောင်ဆန်းစုကြည်နဲ့ တွေ့ဆုံခဲ့ပါတယ်။

မစ်ရှယ်လ်ယို ဟာ James Bond ရုပ်ရှင် Tomorrow never dies နဲ့ ကမ္ဘာကျော်ခဲ့တာ ဖြစ်ပြီး Crouching Tiger, Hidden Dragon ရုပ်ရှင်နဲ့ အကောင်းဆုံး သရုပ်ဆောင် မင်းသမီးအဖြစ် အော်စကာဆုအတွက် လျာထားခံရသူဖြစ်ပါတယ်။

**စာမျက်နှာ ၁၇ မှ**

ဆင်းရဲနွမ်းပါးမှုဟာ နိုင်ငံရေးရာတွေအပေါ်မှာလဲ ရိုက်ခတ်မှုတွေ ရှိပါတယ်။လူအများရဲ့ ဒေါသစိတ်တွေကို နှိုးဆွပေးနိုင်ပြီး၊ တခါတရံမှာဆင်းရဲနွမ်းပါးမှုကြောင့် အကြမ်းဖက်မှု (violence) တွေ ဖြစ်ပွားစေတတ်ပါတယ်။ဒီလို အကြမ်းဖက်မှုတွေဟာ ယေဘုယျအားဖြင့် မိသားစုတွင်း၊ အိမ်တွင်းမှာဖြစ်တတ်ပါတယ်။ ဒီအခါမှာမိသားစုတွင်း ဆက်ဆံရေးမှာ အားနည်းသူများ(အမျိုးသမီးများနှင့်ကလေးသူငယ်များ၊ သက်ကြီးရွယ်အိုများ)ဟာ သားကောင်များဖြစ်လာနိုင်ပါ တယ်။ မိသားစုတွင်း အကြမ်းဖက်မှုတင်မကပဲ လူ့အဖွဲ့အစည်းအတွင်း ပျံ့နှံ့လာတဲ့အကြမ်းဖက်မှုတွေလဲ ရှိပါတယ်။

ဒါတွင်မကပဲ ဆင်းရဲနွမ်းပါးမှုဟာ လုယက်မှု၊ ဓားပြတိုက်မှု၊ ပစ္စည်းယူ လူသတ်မှု၊ခိုးယူမှုစတဲ့ စာရိတ္တပျက်စီးမှုဆိုင်ရ မှုခင်းတွေရဲ့ အခြေခံဖြစ်ပွားစေသောအကြောင်းတရားလဲ ဖြစ်ပါတယ်။ နိုင်ငံရေးစနစ်ကြောင့် ဆင်းရဲနွမ်းပါးမှုကိုဖြစ်စေသလို၊ ဆင်းရဲနွမ်းပါး မှုကလဲ နိုင်ငံရေးမတည်ငြိမ်မှုတွေနဲ့ စစ်ပွဲတွေကိုပြန်ဖြစ်စေပြီး၊ သံသရာလည်နေတတ်ပါတယ်။

ဒါကြောင့် ကမ္ဘာ့ဖွံ့ဖြိုးတိုးတက်ရေး၊ သက်ဆိုင်ရာနိုင်ငံအလိုက်နိုင်ငံရေးတည်ငြိမ်ရေး၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေး၊ လူနေမှုဘဝမြင့်မားရေးစတာတွေအတွက်ဆင်းရဲနွမ်းပါးမှုလျှော့ချရေးဟာအလွန်ပဲအရေးကြီးပါတယ်။ ဒီလိုဆင်းရဲနွမ်းပါးမှု လျှော့ချနိုင်ရေးအတွက် ဝင်ငွေမြင့်မားမှု၊ရုပ်ဝတ္ထုပစ္စည်းတိုးတက်မှု စတာတွေအပြင်၊ စီးပွားရေး၊ လူမှုရေး၊နိုင်ငံရေးလွတ်လပ်ခွင့် အပြည့်အဝရှိသော social institutions များ ပေါ်ထွက်လာဖို့လိုအပ်လှပါကြောင်း ရေးသားတင်ပြအပ်ပါတယ်။

ရည်ညွှန်းကိုးကား။ ။

Korten, D. (1995) When Corporations Rule the World, Kumarian Press, SanFrancisco

Sen, A. (1985) Commodities and Capabilities, North Holland, Amsterdam

World Bank (1990) World Development Report, The World Bank, Washington DC.

# ကချင်ပြည်နယ်အတွင်း တိုက်ပွဲတွေ ဆက်ဖြစ်နေသဲ စစ်ပြေးဒုက္ခသည်တွေများပြား

**VOA၊ ဂျွန် ၂၈။** ။ ကချင်လွတ်လပ်ရေး တပ်မတော် (KIA) နဲ့ အစိုးရတပ်တွေအကြား တိုက်ပွဲတွေ ဆက်လက် ဖြစ်ပွားနေပြီး ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ သူရ ဦးရွှေမန်း ပြောခဲ့သလို ပဋိပက္ခတွေ ပြေလည်မှု ရရှိသွားခြင်း မရှိဘဲနဲ့ ရန်ကုန်တိုင်း ဒေသကြီး လွှတ်တော်မှာ ပြောခဲ့တာဟာ မမှန်ဘူး၊ အစိုးရတပ်တွေရဲ့ စစ်အင်အားဖြည့်ပြီး ထိုးစစ်ဆင်တာတွေဟာ ပုံမှန်ထက် ပိုအရှိန်မြင့်နေတယ်လို့ KIO က ပြောပါတယ်။ အခြေအနေ အပြည့်အစုံကို ဗွီအိုအေ ထိုင်းအခြေစိုက် သတင်းထောက် နုးပန်က တင်ပြပေးထားပါတယ်။

အခုချိန်ထိ ကချင်လွတ်လပ်ရေးတပ် (KIA) နဲ့ အစိုးရတပ်တွေ ရှေ့တန်း စစ်မျက်နှာပြင်တွေမှာ တိုက်ပွဲ ဆက်လက်ဖြစ်ပွားနေဆဲ ဖြစ်တယ်လို့ KIO ဗဟိုကော်မတီဝင် တွဲဖက် အတွင်းရေးမှူး ဦးလနန်က ပြောပါတယ်။

"တင်းမာမှုတော့ လျော့သွားတာမျိုး မရှိဘဲနဲ့ ပိုပြီးတော့တောင်မှ တင်းမာလာတဲ့ အခြေအနေ တဖြည်းဖြည်း မြင့်လာတယ်လို့ ပြောလို့ရတယ်။ ပြောမယ်ဆိုရင်တော့ ကချင်ပြည်နယ် ဒေသအနှံ့အပြားမှာ တင်းမာနေပါတယ်။ မနေ့ ညနေ ၃ နာရီလောက်မှာ ကချင်ပြည်နယ် ကာမိုင်းဘက်မှာ တိုက်ပွဲငယ်တခု ဖြစ်ပွားသေးတယ်။"

ပြီးခဲ့တဲ့ ကြာသပတေးနေ့က ဖြစ်ခဲ့တဲ့ ဖန်းမော်ခရိုင် မန်စီမြို့နယ်မှာ မိုးကောင်းအခြေစိုက် ခလရ ၇၄ နဲ့ KIA တပ်ရင်း ၁၂ တိုက်ပွဲဖြစ်ပွားခဲ့ရာမှာတော့ KIA ဘက်က အထိအခိုက် မရှိဘူးလို့ပြောပြီး မြန်မာစစ်တပ်ဘက်က အနည်းဆုံး ၃ ယောက်ကျတာ တွေ့ရတယ်လို့ မျက်မြင် ဒေသခံတွေက ပြောပါတယ်။

ဆက်လက်ပြီးလည်းကချင်ပြည်နယ်နေရာအနှံ့အစိုးရတပ်တွေ စစ်အင်အား တိုးချဲ့မှုတွေကိုသာ မြင်တွေ့နေရပြီး အရင်က တပ်မချခဲ့ တဲ့ မြို့အနီးတဝိုက်မှာ စစ်တပ်နေရာယူလာတာ တွေ့ရတယ်လို့ မြစ်ကြီးနား ဒေသခံတွေက ပြောပါတယ်။

မြစ်ကြီးနားမြို့ ဆယ်မိုင်အထက် ခရစ်ယန်လက်ဝါးကပ်တိုင်တောင် အနီး စစ်သားတွေကို တွေ့မြင်ရတဲ့အတွက် ဒေသခံတွေ စိုးရိမ်ကြောက်လန့်နေတယ်လို့ ဆယ်မိုင်အထက် ဒေသခံအမျိုးသမီးက အခုလို ပြောပါတယ်။

"ဟိုးတနေ့ လွန်ခဲ့တဲ့ ၂ ရက် ၃ ရက်လောက်က လက်ဝါးကပ်တိုင်ရှိတဲ့ တောင်ဘက်ကို ကား ၂ စင်း အပြည့်နဲ့ ဗမာစစ်တပ်ချထားတယ်လို့ သတင်းရတယ်။ ကားလမ်းပေါ်က ဖြတ်သွားလိုက်တယ်၊ ကားသွားလိုက်တာပဲ တွေ့လိုက်တယ်။ အဲဒါ တောင်ပေါ် ဘက်မှာရှိတဲ့ လူကြီးတွေက ပြောတယ်။ အဲဒီဘက်မှာ ကား ၂ စင်းနဲ့ ချထားကြတယ်လို့ ပြောတယ်။"

မြစ်ကြီးနားမြို့အနီးတဝိုက်ဒေသခံတွေအတွက်အခုလိုစစ်တပ်တွေ ချဉ်းကပ်လာရင် KIO နယ်မြေနဲ့ ဝေးပြီး ဒေသခံတွေ အတွက် ရှောင်ပြေးဖို့လည်းမလွယ်ကူတဲ့အတွက်ကြောင့်စိုးရိမ်ပူပန်နေတယ်လို့ ဆက်ပြောပါတယ်။

"အဒေါ်တို့ စိုးရိမ်တာကတော့ အခုအဒေါ်တို့ရပ်ကွက်သိပ်မဝေးတဲ့ ဆယ်မိုင်ကျော်ကျော်လောက် မြို့ထဲမှာပေါ့၊ အဲဒီမှာရပ်ကွက်ထဲမှာဝင်တဲ့ ဒုက္ခသည်တွေ၊ အဒေါ်တို့က စစ်ဖြစ်မှာလည်း စိုးရိမ်တယ်၊ ပေါ်တာဆွဲမှာလည်း စိုးရိမ်တာပေါ့။ ဘယ် ဘက်ကိုပြေးရမလဲမသိဘူး။ ဟိုဘက်ဆိုရင်လည်းတောင်၊ အရှေ့ဘက်ကို ဆိုရင်လည်း မြစ်ဆိပ်ဆိုတော့ တောင်ဘက်မှာလည်း အစိုးရစစ်တပ်တွေ ချထားတယ်လေ။"

အခုလို အစိုးရတပ်တွေ ကချင်ပြည်နယ် ဒေသအနှံ့ စစ်ရေးအင်အားတွေ အရှိန်မြင့်လာနေဆဲကြောင့် နှစ်ဘက် တင်းမာနေချိန်မှာ အစိုးရလွှတ်တော် ဥက္ကဋ္ဌ ဦးရွှေမန်းက ရန်ကုန်လွှတ်တော်အမတ်တွေနဲ့ သောကြာနေ့က တွေ့ဆုံပွဲမှာ ကချင်ပြည်နယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးသိန်းဇော်ရဲ့ ကြားဝင် ညှိနှိုင်းမှုကြောင့် ပဋိပက္ခတွေ တည်ငြိမ်သွားပြီ ဆိုတာဟာ လက်တွေ့မကျဘူးလို့ ဗဟိုကော်မတီဝင် တွဲဖက် အတွင်းရေးမှူး ဦးလနန်က ပြောပါတယ်။

"ကျနော်တို့ ကချင်ဒေသဟာ အားလုံး တည်ငြိမ်သွားပြီဆိုတဲ့ ဒီပြောဆိုမှုဟာ ဘာကိုရည်ရွယ်ပြီး ပြောတယ်ဆိုတာ တပ်အပ်တော့ ပြောလို့မရဘူး။ ဒါလုံးဝမဖြစ်နိုင်တာ၊ ပြောဆိုမှုနဲ့တကယ် ရှေ့တန်းမှာဖြစ်တဲ့ ဖြစ်စဉ်က တခြားစီပဲဖြစ်နေပါတယ်ခင်ဗျ။"

ကချင်ပြည်နယ်တဝိုက် အောက်မြန်မာပြည်က ပို့ထားတဲ့ တပ်တွေကို ရုပ်ခြင်းမရှိတဲ့အပြင် နေ့စဉ်ရက်ဆက် ရှေ့တန်းမှာ တပ်တိုးတိုးလာနေပြီး ဒေသခံတွေကို ပေါ်တာဆွဲတာနဲ့ KIA အကျဉ်းသားတွေကို ညှဉ်းပန်းနှိပ်စက်တာမျိုးတွေ ရှိနေတယ်လို့ ပြောပါတယ်။

အခုလို နှစ်ဘက် တင်းမာနေတဲ့ အခြေအနေမှာ KIO ဘက်ကလည်း လမ်းတံတားတွေကို အဟန့်အတားဖြစ်အောင် ဗုံးဖောက်ခွဲမှုတွေလုပ်နေချိန်တဘက်မှာလည်း မြစ်ကြီးနားမြို့အပြင် နေပြည်တော်၊ မန္တလေး၊ ပြင်ဦးလွင်မြို့တွင်းတွေမှာ ဗုံးပေါက်ကွဲမှုတွေ ဖြစ်ပေါ်နေပါတယ်။ ဒါပေမဲ့ KIO ကတော့ ဒါဟာ သူတို့လက်ချက် မဟုတ်ဘူးလို့ ငြင်းဆိုခဲ့ပြီး လူစည်ကားတဲ့ နေရာတွေနဲ့ ပြည်သူလူထုတွေကို အန္တရာယ်ဖြစ်စေမယ့် နေရာတွေမှာ ဖောက်ခွဲမှု မလုပ်ဘူးလို့ ပြောပါတယ်။

---

**စာမျက်နှာ ၈ မှ**

တင်းကြပ်လာမယ်၊ အသက်အန္တရာယ်ကို ထိခိုက်လာမယ် ဆိုရင် မြန်မာ အစိုးရကို နိုင်ငံတကာအသိုင်းအဝိုင်းက ပြင်းထန်တဲ့ဖိအား ပေးမယ်ဆိုတဲ့ အရိပ်လက္ခဏာပဲဖြစ်တယ်လို့ ဗြိတိန်အခြေစိုက် Burma Campaign UK အဖွဲ့ရဲ့ညွှန်ကြားရေးမှူး Mark Farmaner က အာအက်ဖ်အေကို ပြောပါတယ်။

ဒေါ်အောင်ဆန်းစုကြည်နဲ့ပတ်သက်လို့ ဗြိတိန်အစိုးရရဲ့ ကြေညာချက်ကို ကျနော်တို့ အလွန်ပဲကျေနပ်မိပါတယ်။ ဒေါ်အောင်ဆန်းစုကြည်ရဲ့လုံခြုံရေးကို ကမ္ဘာက မျက်ခြေမပျက် စောင့်ကြည့်နေတယ်ဆိုတာကို နိုင်ငံတကာအစိုးရတွေက အခုလို ပြောဆိုလာတာဟာ အရေးကြီးတဲ့အချက်ဖြစ်တယ်လို့ Mark Farmaner က ဆိုပါတယ်။

ဒါ့အပြင် မကြာခင်ကာလအတွင်းစတင်မယ့် ဒေါ်အောင်ဆန်းစုကြည်ရဲ့ နယ်လှည့်ခရီးစဉ်လုံခြုံရေးဟာ အစိုးရမှာ တာဝန်ရှိတယ်ဆိုတာကိုလည်း နိုင်ငံတကာအသိုင်းအဝိုင်းက သတိပေးနေပါတယ်လို့ ပြောသွားပါတယ်။

# မန္တလေးမြို့ ကျောက်ဈေး တရုတ်နဲ့ မြန်မာကုန်သည်တွေ ခိုက်ရန်ဖြစ်ပွား

**RFA၊ ဇွန် ၂၇။** ။ ဒီကနေ့ မနက်က ၁၀ နာရီလောက် မန္တလေးမြို့ ကျောက်မျက်ရောင်းဝယ်တဲ့ဈေးအတွင်းတရုတ်ကုန်သည်တွေနဲ့ မြန်မာကုန်သည်တွေ ခိုက်ရန်ဖြစ်ပွားရာကနေ နောက်ဆုံး ရဲနဲ့ အရပ်သားတွေအကြားမှာပါ ပဋိပက္ခတွေ ဆက်လက်ဖြစ်ပွားခဲ့ကြောင်း သတင်းရရှိပါတယ်။

မန္တလေး မဟာအောင်မြေ မြို့နယ် ၈၇ နဲ့ ၃၈ လမ်း အနီးကျောက်ဝိုင်းမှာ မြန်မာကျောက်ကုန်သည် တစ်ဦးဖြစ်တဲ့ ကိုမော် ဆိုသူကို တရုတ် ကျောက်ကုန်သည် ၅ ဦးက ဝိုင်းဝန်းထိုးကြိတ်ခဲ့ရာကနေ အခင်းစတင်ဖြစ်ပွားခဲ့တာ ဖြစ်ကြောင်း မျက်မြင်သက်သေတွေက RFA ကို ပြောဆိုခဲ့ပါတယ်။

သိန်း ၄၀ နဲ့ ဈေးဆိုင်ထားတဲ့ကျောက်ကို ၅ သိန်း ပိုပေးတဲ့ အခြားတရုတ်ကုန်သည် တစ်ဦးကို ရောင်းချခဲ့တဲ့အတွက်၊ တရုတ်ကျောက်ပွဲရုံအတွင်း ကိုမော်ကို ခေါ်ပြီး ဝိုင်းထိုးကြိတ်ခဲ့တာလို့သိရပါတယ်။ အဲဒီနောက် အခြားမြန်မာ ကျောက်ကုန်သည်တွေကပါ သိရှိသွားပြီး တရုတ်ကုန်သည်တွေကို တန်ပြန် ထိုးကြိတ်ခဲ့တဲ့အတွက် ရုန်းရင်းဆန်ခတ် ဖြစ်ပွားခဲ့ပါတယ်။

အဲဒီနောက် ရဲတွေ ရောက်ရှိလာပြီး တရုတ်ကုန်သည်နဲ့ မြန်မာကုန်သည်တွေကို ကျောက်ဝိုင်းအနီး ရဲကင်းမှာ ခေါ်ယူစစ်ဆေးခဲ့ကြောင်း၊ ဒါပေမဲ့ ရဲတွေက တရုတ်ကုန်သည်ဖက်ကို ဖက်လိုက်တယ်ဆိုပြီး အဲဒီ အချိန်မှာ အနီးအနားမှာရှိတဲ့ မြန်မာကုန်သည်တွေ၊ ဒေသခံအရပ်သားတွေ ရာနဲ့ချီ စုရုံးရောက်ရှိလာပြီး၊ ကိုယ့်အမျိုးသားကိုစောင့်ရှောက်ဖို့ရဲတွေကို အော်ဟစ်ပြောဆိုခဲ့ သလို၊ ကမ္ဘာမကြေ နိုင်ငံတော်သီချင်းနဲ့အမျိုးသားသီချင်းတွေကိုသီဆိုပြီး ရဲတွေကို ကန့်ကွက်ခဲ့ပါတယ်။ အဲဒီမှာ ရဲတွေက လူစုခွဲဖို့ကြိုးပမ်းရာ ကနေ အရပ်သားတွေနဲ့ ထပ်မံ ရုန်းရင်းဆန်ခတ်ဖြစ်ခဲ့ပါတယ်။ နောက်ထပ်မျက်မြင်သက်သေတစ်ဦးက အခုလို ပြောပြပါတယ်။

"ရဲက ဗမာကို ဖမ်းလိုက်တော့ အတော်လေး ရှုပ်သွားတယ်လေ။ အဲဒီနားမှ ရဲကင်းနဲ့ မြို့နယ်မှူးရုံးလည်း ရှိတယ်လေ။ "

တရုတ်ကုန်သည်တွေ ဖွင့်လှစ်ထားတဲ့ ကျောက်ပွဲရုံ အမှတ် ၈ နဲ့ ၉ ကတော့ အတော်လေး ပျက်စီးသွားတယ်လို့ သိရပါတယ်။ အဲဒီနောက် ရဲတွေက တရုတ်ကုန်သည်တွေကို ခေါ်ထုတ်သွားခဲ့ပြီး နေ့လည် ၁၂ နာရီလောက်မှာ လူစုကွဲသွားခဲ့ပါတယ်။ လောလောဆယ် ကျောက်ဝိုင်းကို ရဲတွေက ပိတ်ပစ်ခဲ့ပြီး၊ ရဲနဲ့လုံထိန်းတွေ အဲဒီနေရာမှာ အစောင့်ချထားတယ်လို့ သိရပါတယ်။ အခင်းဖြစ်ပွားတဲ့ တရုတ်ကုန်သည်တွေနဲ့ထိုးကြိတ်ခံခဲ့ရတဲ့ ကိုမော်တို့အနည်းငယ် ဒဏ်ရာရှိခဲ့တာကလွဲပြီး အခြားဒဏ်ရာရရှိသူ မရှိဘူးလို့သိရပါတယ်။ လောလောဆယ် အချိန် အထိတော့ တစ်စုံတစ်ယောက်ကို ဖမ်းဆီးထားတယ်ဆိုတာမျိုး သတင်းထွက်ပေါ်လာခြင်း မရှိသေးပါဘူး။

ဒီကျောက်ဝိုင်းကို မှီခို လုပ်ကိုင်နေရတဲ့ မန္တလေး ဒေသခံအတော် များများရှိနေပြီး ကျောက်ရောင်းဝယ်ရာမှလည်း တရုတ်ကုန်သည်တွေနဲ့မကြာခဏဆိုသလို မသင့်မတင့် ဖြစ်ပွားတာတွေ အရင်ကလည်း ရှိခဲ့ကြောင်း၊ ဒီကနေ့ အခင်းဖြစ်ပွားပြီးနောက် တရုတ် မြန်မာ အဓိကရုဏ်းဖြစ်မှာကိုတော့ မန္တလေး ဒေသခံတွေက စိုးရိမ်ကြောင်း အခုန မျက်မြင်သက်သေတွေက ပြောဆိုခဲ့ပါတယ်။

Voice of Burma


**APTO 502**
**7-18-1 Takinogawa**
**Kita Ku, Tokyo**
**Japan. 114 - 0023**

**Tel/Fax: 81 3-3949-3919**
**E-mail: sayarkway@yahoo.com**
**koko@gol.com**



**၁၉၉၅ ခု အောက်တိုဘာလ မှစတင်၍ အပတ်စဉ်ထုတ်ဝေသည်**